# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (22-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၇၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း နှုတ်ဆက်အားပေးစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့င်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# သားကောင်းဇာနည်အောင်စစ်သည်တို့၏ လေးကေ့ကော်မြို့အောင်ပွဲ

KNU/KNLA အကြမ်းဖက်သောင်းကျန်းသူများသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကိုဖျက်ဆီးရန် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်ဒေသတစ်ဝိုက်တွင်အခြေပြု၍ အစိုးရအုပ်ချုပ်မှုယန္တရားများပျက်စီးစေရန်ဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများ၊ ဒေသတွင်း တရားမဝင်လုပ်ငန်းများမှရရှိသည့် ငွေကြေးများကိုလက်ခံရယူပြီး နိုင်ငံရေးဖြစ်စဉ်များကြောင့် နယ်စပ်သို့ထွက်ပြေးလာသူများကို အကြမ်းဖက်သင်တန်းများသင်ကြားပို့ချကာ လက်နက်များတပ်ဆင်ပေးပြီး တပ်မတော်မှ စစ်ဆင်ရေးနှင့်နယ်မြေစိုးမိုးရေးဆောင်ရွက်နေသည့် ကရင်ပြည်နယ်အတွင်းရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်စခန်းများကို အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်က ထိုအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် တပ်စခန်းများနှင့် မြို့/ရွာများကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ သဃ်န်းညီနောင်တပ်နယ်နှင့် ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီအာရှလမ်းမကြီးကို ယခုနှစ် စက်တင်ဘာ ၆ ရက်နေ့တွင်လည်းကောင်း၊ အကြမ်းဖက်သောင်းကျန်းသူများခိုအောင်းနေထိုင်သည့် လက်ခတ်တောင်ဘုရားကုန်းနှင့်ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ကို စက်တင်ဘာ ၉ ရက်နေ့တွင်လည်းကောင်း၊ လေးကေ့ကော်မြို့သစ်ကို အောက်တိုဘာ ၅ ရက်နေ့တွင်လည်းကောင်း၊ ဆက်လက်ပြီး တပ်မတော်စစ်ကြောင်းများသည် တိုက်စစ်အရှိန်အဟုန်ဖြင့် စစ်ဆင်မှုပြုလုပ်ခဲ့ရာ ၂၀၂၄ ခုနှစ်က လေးကေ့ကော်ဒေသရှိ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီစိုးမိုးထိန်းချုပ်ခဲ့သည့် ရှုခင်းသာစခန်းကို အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ပွိုင့်-၁၀၇၈ စွယ်တော်စခန်းကုန်းကို အောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း အသီးသီးပြန်လည်တိုက်ခိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့်တပ်စခန်းများနှင့် မြို့/ရွာများကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် တိုက်ပွဲစဉ်တစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခြောက်ကြိမ်၊ တိုက်ပွဲငယ် ၅၂ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၀ လောင်း၊ လက်နက်မျိုးစုံ ၁၆ လက်နှင့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင်ဆက်သွယ်မှုဆောင်ရွက်ရန် ရည်ရွယ်တပ်ဆင်ထားသည့် Starlink စလောင်းအစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ နာမည်ဆိုးဖြင့်ကျော်ကြားနေသည့် KK Park ကို တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းခဲ့ရာ ထိုဝင်းအတွင်းမှဆောက်လုပ်ပြီး အဆောက်အအုံများနှင့် အဆိုပါအဆောက်အအုံများအတွင်းမှ အလုပ်သမားများနှင့် လုံခြုံရေးအဖွဲ့ဝင်စုစုပေါင်း ၂၁၉၈ ဦးတို့ကို တွေ့ရှိခဲ့သည်။ ထိုဝင်းအတွင်းရှိ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ မြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏တရားဝင်ခွင့်ပြုမိန့်၊ မြေပိုင်ဆိုင်ခွင့်အထောက်အထား၊ ဟိုတယ်နှင့်ခရီးသွားလာရေး၏ ဆောက်လုပ်ခွင့်၊ ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများ စစ်ဆေးတွေ့ရှိခြင်းမရှိသဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် တပ်စခန်းများနှင့် မြို့/ရွာများကို အဆင့်ဆင့်သိမ်းပိုက်နိုင်ခဲ့ကာ နယ်စပ်ဒေသတစ်လျှောက်ရှိ အဓိကအချက်အချာကျသည့် နေရာများကိုလည်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး တရားမဝင်လုပ်ငန်းများမရှိစေရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသောကြောင့် သားကောင်းဇာနည် အောင်စစ်သည်တို့၏ အသက်ကိုပင်ပဓာနမထား ရဲဝံ့စွန့်စားတိုက်ခိုက်ချေမှုန်းကာ ရရှိလာခဲ့ပါသော လေးကေ့ကော်မြို့အောင်ပွဲအတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၆၇ ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၆၆၅၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၆၆၅၃ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၀၄၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၆၅၃ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ၁၄၀၄၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၆၆၅၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ပေါ်ဆန်းဆန်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပေါ်ဆန်းဆန်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ပြီး ပေါ်ဆန်းဆန်များ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်ကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များ ဝယ်လိုအား ကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုဒေသ ဈေးကွက်မှာ အခြားဆန်တွေထက် ပေါ်ဆန်းဆန်က ဝယ်လိုအားကောင်းလာနေပါတယ်။ အောက်တိုဘာလ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းရန်ကုန်ဈေးကွက်မှာလဲ ပေါ်ဆန်းဆန်တွေ အဝယ်လိုက်နေပြီး အရောင်းအဝယ် ကောင်းလာတာပါ။ ပြည်တွင်းမှာအဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်လုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ အရောင်းအဝယ် ကောင်းမွန်လာတော့ စပါးစိုက်တောင်သူတွေ အဓိကအဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပေါ်ဆန်းဆန်များ ဝယ်လိုအား ကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝေါမြို့နယ် အုတ်ဖို-၂ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ အုတ်ဖိုကျေးရွာအုပ်စု၊ အုတ်ဖို-၂ ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်း ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်ရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်းကို အုတ်ဖို-၂ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖို-၂ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၁၁ လမ်း၊ ၇၆-၇၇ လမ်းကြားနေ ဦးဟန်သိန်းအားရည်စူး၍ အစ်မ ဒေါ်တင်ရွှေ၊ ဇနီး ဒေါ်မြသန်း၊ သားသမီးများဖြစ်ကြသော ကိုကျော်လင်းဦး-မနွယ်နွယ်လင်း၊ ကိုမင်းမင်းအောင်-မသီရိဖြိုး၊ မဥမ္မာသိန်းမိသားစုက ဆွမ်းအလှူ ငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မြေပဲ ၁၂၈၉၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မြေပဲ ၁၂၈၉၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၃၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်စတင် နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၈၉၃ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၅ ဒသမ ၅၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲ ၁၅၃၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေ အခုလက်ရှိမှာတော့ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၂၈၉၃ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သံဖြူဇရပ် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြမာလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေများကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းနှင့် ဝန်ထမ်းများက မြမာလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြမာလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ကကတစ်ငါး ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ငပုတောမြို့နယ်ကနေ ထွက်ရှိတဲ့ ကကတစ်ငါးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ငပုတောမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ကကတစ်ငါးများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်ရရှိကာ အဆင်ပြေနေကြောင်း ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ဆက်လက်ပြောပြ၍သိရသည်။

ကျော်ကျော်လင်း



# ဟန်လင်းပျူကျောက်စာများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် တွေ့ရှိထားပြီးသည့် မှတ်တမ်းကျောက်စာများအနက် ပျူဘာသာစကားဖြင့် ရေးထိုးထားသည့်ကျောက်စာများသည် အရေအတွက်အလွန်အမင်း များပြားခြင်းမရှိချေ။ သို့သော် မြန်မာနိုင်ငံမှတ်တမ်းသမိုင်းတွင် ပျူကျောက်စာများသည် အစောဆုံးကျောက်စာများတွင် အပါအဝင်ဖြစ်သည်။

ပျူစာပေအရေးအသားများကို ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ မိုင်းမော ခေါ် ပင်လယ်၊ သရေခေတ္တရာတို့တွင် အများဆုံးတွေ့ရှိရကာ ပုဂံမြစေတီရှိ ရာဇကုမာရ်ကျောက်စာ မျက်နှာလေးခုတွင်လည်း ပျူဘာသာစကားဖြင့် ရေးထိုးထားသည့် မျက်နှာတစ်ခုပါဝင်သည်။

လွန်ခဲ့သည့် နှစ် ၂၀၀၀ ခန့်က မြန်မာနိုင်ငံ၌ ပျူယဉ်ကျေးမှုထွန်းကားခဲ့ချိန်တွင် ပျူဘာသာစကားဖြင့်ရေးထိုးခဲ့သည့် မှတ်တမ်းစာများကို ကျောက်ပြားများပေါ်တွင်သာမက ကျောက်ထွင်းအိုးများ၊ ဆင်းတုတော်ပလ္လင်အောက်ခြေ၊ ငွေဗောဓိပလ္လင်၊ ကြေးဆင်းတုနောက်ကျော၊ ငွေလင်ပန်း စသည်တို့တွင်လည်း တွေ့ရှိရသည်။ ပျူစာပေဟု သတ်မှတ်ထားသည့် ထိုစကားလုံးများ၏ အနက်အဓိပ္ပာယ်အပြည့်အစုံဖတ်ရှုနိုင်ရန် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် သုတေသီများက ကြိုးပမ်းခဲ့ကြသည်။

ပျူကျောက်စာမှတ်တမ်းများ၏ အဓိပ္ပာယ်များကို ဆက်စပ်ဖော်ထုတ်ခဲ့ကြရာတွင် ရာဇကုမာရ်ကျောက်စာသည် အထင်ရှားဆုံးဖြစ်သည်။ ရာဇကုမာရ်ကျောက်စာ၌ အကြောင်းအရာတစ်ခုတည်းကို မြန်မာ၊ မွန်၊ ပါဠိဘာသာအပြင် ပျူဘာသာဖြင့်ပါ ရေးထိုးခဲ့သဖြင့် ကျောက်စာမျက်နှာသုံးဖက်တွင် ရေးထိုးထားသည့် စာသားများကို ပျူစာဘက်ခြမ်းတွင် ရေးထိုးထားသည့် စာသားများနှင့် ဆက်စပ်ကာ အဓိပ္ပာယ်ကို ဖော်ထုတ်ရန်ကြိုးပမ်းခဲ့ကြသည်။

ရာဇကုမာရ်ကျောက်စာကို ရေးထိုးခဲ့သည့် ၁၁၁၃ ခုနှစ်သည် ပုဂံခေတ်ဦးပိုင်းကာလဖြစ်သည်။ ထို့ကြောင့် ပုဂံခေတ်တွင် ပျူစာပေကို အသုံးပြုဆဲဖြစ်ကြောင်း မှန်းဆနိုင်ခဲ့သည်။ ပုဂံထက်စောသော ပျူခေတ်တွင် ပျူစာဖြင့်ရေးထိုးထားသည့်ကျောက်စာများရှိခဲ့သဖြင့် ထိုကျောက်စာများကို ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာများမှရရှိခဲ့သည်။

**ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့်ဒေသများ**

မြန်မာနိုင်ငံတွင် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာများစွာရှိသည့်အနက် ပြည်မြို့နယ်ရှိ သရေခေတ္တရာ၊ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးနှင့် ဝက်လက်မြို့နယ်ရှိ ဟန်လင်းတို့သည် ပျူယဉ်ကျေးမှု အထောက်အထားများ အများဆုံးကြွင်းကျန်ခဲ့သည့် မြို့ဟောင်းများဖြစ်ကြသည်။ ထို့အတူ ထိုပျူမြို့ဟောင်းသုံးမြို့သည် မြန်မာနိုင်ငံ၏အထင်ရှားဆုံး ပျူမြို့ဟောင်းများဖြစ်ကာ ၎င်းတို့ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ကမ္ဘာ့အမွေအနှစ် (World Heritage)အဖြစ် ၂၀၁၄ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။

ထိုပျူမြို့ဟောင်းသုံးခု၌ ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်သုတေသနပြုမှုများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရာ ပျူစာပေဖြင့်ရေးသားထားသည့် စာပေအထောက်အထားများကို ရရှိခဲ့သည်။ အထူးသဖြင့် သရေခေတ္တရာမှရရှိခဲ့ပြီး ပျူစာများရေးထိုးထားသော ကျောက်ထွင်းအိုးများ၊ ငွေဗောဓိပလ္လင်၊ ဆင်းတုတော်ပလ္လင်၊ ကြေးဆင်းတု စသည့်ပျူစာပေအထောက်အထားများကို အမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တို့တွင် ထိန်းသိမ်းပြသထားသည်။ ထို့အတူ ဟန်လင်းမြို့ဟောင်းမှရရှိခဲ့သည့် ကျောက်စာများကို ဟန်လင်းမြို့ဟောင်း၌ ကျောက်စာရုံတစ်ခုတည်ဆောက်ကာ ထိန်းသိမ်းထားသည်။

**ပျူစာပေအရေးအသား**

ကမ္ဘာပေါ်တွင် ပထမဆုံး စာရေးသားသည့် စနစ်သည် ခရစ်တော်မပေါ်မီ နှစ် ၃၄၀၀ မှ နှစ် ၃၁၀၀ ကြားတွင် မစ်ဆိုပိုတေးမီးယားဒေသ၌ ပေါ်ထွန်းခဲ့သည်။ ပထမဆုံးစာရေးသားသည့် စနစ်ဖြစ်သည့် ကျူနီဖောင်း(Cuneiform)သည် အရုပ်များ၊ သင်္ကေတများ၊ အမှတ်လက္ခဏာများဖြင့် ရေးသားခဲ့သည့် ပုံစံဖြစ်သည်။ စာရေးခြင်းစနစ် စတင်ပေါ်ထွန်းခဲ့ချိန်တွင် အက္ခရာစာလုံးများကို အသုံးမပြုနိုင်ခဲ့သေးဘဲ ခရစ်တော်မပေါ်မီ နှစ် ၁၇၀၀ ရောက်မှ အရှေ့အလယ်ပိုင်းဒေသတွင် အက္ခရာစာအရေးအသားကို အသုံးပြုခဲ့ရာ လွန်ခဲ့သည့် နှစ် ၄၀၀၀ ကျော်ကာလဖြစ်သည်။

လွန်ခဲ့သည့် နှစ် ၃၅၀၀ ခန့်က မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သည့် ကြေးခေတ်နှင့် သံခေတ်ဦးကာလတွင် စာပေအရေးအသားစနစ်တစ်ခုခုကို အသုံးပြုခဲ့သည့် အထောက်အထားကို မတွေ့ရှိရသေးပေ။ ကြေးခေတ်နှင့် သံခေတ်နောက်တွင် ထွန်းကားခဲ့သည့် ပျူခေတ်တွင် စာပေရေးသားသည့် အထောက်အထားကို သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိခဲ့သည့် ကျောက်ထွင်းအိုးများ၊ ခင်ဘကုန်းမှ တူးဖော်တွေ့ရှိခဲ့သည့် ရွှေပေလွှာအချပ် ၂၀၊ ဟန်လင်းမှ တွေ့ရှိခဲ့သည့် ကျောက်စာများ စသည်တို့တွင် တွေ့ရှိရသည်။

ပျူယဉ်ကျေးမှုထွန်းကားသည့် ခေတ်ကာလတွင် တွေ့ရှိခဲ့သည့် အက္ခရာများကို ယေဘုယျအားဖြင့် ပျူဘာသာဟု သတ်မှတ်ခဲ့သည်။ ပျူစာပေအရေးအသားသည် ပုဂံခေတ်ထိရှိခဲ့ကာ ပျူစာအရေးအသားကို ရာဇကုမာရ်ကျောက်စာ၊ စောလူးမင်းကျောက်စာစသည်တို့တွင် တွေ့ရှိရသည်။ ပုဂံခေတ်တွင် ပျူဘာသာစကားသာမက မြန်မာဘာသာနှင့် မွန်ဘာသာတို့ကိုလည်း တွင်ကျယ်စွာအသုံးပြုခဲ့ကြောင်း ကျောက်စာများက သက်သေထူနေသည်။

ကမ္ဘာပေါ်တွင် စာပေအရေးအသား ပေါ်ထွန်းခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတွင် အသောကမင်းလက်ထက် ဘီစီ သုံးရာစု၌ ဗြာဟ္မီစာနှင့် ခရောဿျီစာတို့ကို တီထွင်ခဲ့သည်။ ခရောဿျီအရေးအသားသည် အာရပ်ပြည်ထောင်စုဘက်သို့ရောက်ရှိခဲ့ပြီး ဗြာဟ္မီစာအရေးအသားသည် အရှေ့တောင်အာရှဘက်သို့ ရောက်ရှိခဲ့သည်ဟုဆိုသည်။

အသောကခေတ်နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ကဒမ္ဗအက္ခရာကိုအသုံးပြု၍ အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ပလ္လဝအက္ခရာ၊ စာလုကျအရေးအသားနှင့် ကုသနအရေးအသားကို အသုံးပြုခဲ့ကြသည်။ အိန္ဒိယနိုင်ငံ အနောက်ပိုင်းတွင် မတူရာစာအရေးအသားကို သုံးစွဲခဲ့ကြောင်း ပျူစာပေပညာရှင် ဦးစိန်ဝင်းက ရေးသားခဲ့သည်။

မြန်မာနိုင်ငံ၌ ပျူမြို့ပြများကို ထူထောင်ခဲ့ချိန်တွင် ပျူတို့သည် အိန္ဒိယ၊ တရုတ်တို့နှင့် ကုန်သွယ်ရာမှ ယဉ်ကျေးမှုနှင့် စာပေများကို ဆင့်ကမ်းသုံးစွဲခဲ့ကြသည်။ ကုန်သွယ်မှုမှတစ်ဆင့် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာကိုးကွယ်မှု၊ စာပေအရေးအသားနှင့် ယဉ်ကျေးမှုတို့သည် မြန်မာနိုင်ငံသို့ ပျံ့နှံ့ရောက်ရှိလာပြီး ပျူစာပေအရေးအသားများ စတင်ပေါ်ပေါက်ခဲ့သည်ဟုဆိုသည်။



ဟန်လင်းကျောက်စာရုံကို တွေ့ရစဉ်။

**ဟန်လင်း၏ သမိုင်းနောက်ခံ**

မြန်မာနိုင်ငံတွင် ထင်ရှားသော ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်း၏ သမိုင်းကြောင်းသည် နှုတ်ပြောစကားများနှင့် ရောထွေးနေခဲ့သော်လည်း သမိုင်းအထောက်အထားအဖြစ် ပုဂံဘုရင် မင်းယဉ်နရသိခ်လက်ထက်တွင် ညီတော်နရပတိစည်သူ၏ မြင်းခံပြေည့်သည် ပရိမ္မမှဟန်လင်းသို့ အဖြောင့်နှင်ခဲ့ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်တွင် ဖော်ပြထားသည်။

မြန်မာသက္ကရာဇ် ၆၄၇ ခုနှစ်တွင် ရေးထိုးခဲ့သည့် သျှင်ဒိသာပြာမုက်ကျောက်စာတွင် သျှင်ဒိသာပြာမုက်သည် ပုဂံမှတရုတ်ပြည်သို့ သွားသည့်ခရီးတွင် ဟန်လင်းရွာ၌ စခန်းချနေထိုင်ခဲ့ပြီးမှ တရုတ်ပြည်သို့ ခရီးဆက်ခဲ့ကြောင်း ဖော်ပြထားသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် (ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် ဟန်လင်းရွာစားဖြစ်ခဲ့သည့် စည်သူကျော်ထင်ဘွဲ့ခံ သာချင်းဆရာဦးအောင်ဖြိုးသီကုံးသည့် ဟန်လင်းသမိုင်းလင်္ကာတွင် အထောက်အထား မခိုင်မာသေးသည့် အချက်များ ပါဝင်ခဲ့သည်။

ဟန်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှ အရှေ့တောင်ဘက်သို့ ၁၀ မိုင် ငါးဖာလုံနှင့် ဝက်လက်မြို့မှ အရှေ့မြောက်ဘက်သို့ ခြောက်မိုင်အကွာတွင်တည်ရှိပြီး တည်နေရာမြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ်ဖြစ်သည်။

ကမ္ပည်းကျောက်စာဝန် မစ္စတာတော်စိန်ခို ဦးစီးသောအဖွဲ့သည် ဟန်လင်းမြို့ဟောင်းကို ပဏာမကွင်းဆင်းလေ့လာခဲ့ပြီး ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကုလားကုန်း၊ ဘုရားကုန်း၊ နန်းတော်ရာ စသည့်နေရာများတွင် ပထမဆုံးစမ်းသပ်တူးဖော်မှုများကို ဆောင်ရွက်ခဲ့သည်။ ကျောက်စာဝန် မစ္စတာချားလ်ဒူရွိုင်ဆယ်သည် ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ဟန်လင်းကို ထပ်မံတူးဖော်ခဲ့ပြီး နောက်ပိုင်းတွင် ဟန်လင်းကို ခေတ်အဆက်ဆက်တူးဖော်သုတေသနပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထိ ဟန်လင်းမြို့ဟောင်းအတွင်း ကုန်းပေါင်း ၄၆ ကုန်းကို တူးဖော်နိုင်ခဲ့သည်။

ဟန်လင်းမြို့ဟောင်းသည် ထောင့်မှန်စတုဂံပုံရှိ၍ အရှေ့မှ အနောက်သို့ ၁ ဒသမ ၆ ကီလိုမီတာနှင့် တောင်မှမြောက်သို့ ၃ ဒသမ ၂ ကီလိုမီတာရှည်လျားကာ ဧရိယာဟက်တာ ၅၀၀ ကျော်ကျယ်ဝန်းသည်။ ဟန်လင်းမြို့ဟောင်း၏ မူလမြို့ရိုးသည် ၁၆ ပေ အကျယ်ရှိနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

တူးဖော်မှုများ မဆောင်ရွက်မီနှင့် ဆောင်ရွက်နေစဉ်အတွင်း ဟန်လင်းဒေသမှ ဒင်္ဂါးများ၊ မြေနှင့်ကျောက် ပုတီးစေ့များ၊ အိုးခြမ်းကွဲများ၊ ကျောက်ခေတ်သစ်လက်နက်များ၊ ကြေးမုံနှင့်ရွှေထည်ပစ္စည်းများ စသည့် ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများနှင့် ကျောက်စာချပ်များကို တွေ့ရှိခဲ့သည်။

**ဟန်လင်းမှရရှိခဲ့သည့် ကျောက်စာများ**

ပျူမြို့ဟောင်း ဟန်လင်းကို ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏာမစမ်းသပ်တူးဖော်မှုများ စတင်ဆောင်ရွက်ခဲ့စဉ် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် အသုံးပြုသည့် အရေးအသားတစ်ခုဖြစ်သော ဗြာဟ္မီအက္ခရာဖြင့် ရေးထိုးထားသည့် ကျောက်စာတစ်ချပ်ကို တူးဖော်ရရှိခဲ့သည်။ ထိုကျောက်စာကို ပညာရှင်များက အေဒီ လေးရာစုက အရေးအသားဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ ဟန်လင်းမြို့ဟောင်းတူးဖော်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ကျောက်စာချပ်များကိုထပ်မံတူးဖော် တွေ့ရှိရသဖြင့် ၎င်းကျောက်စာများကို ပညာရှင်များသာမက စိတ်ပါဝင်စားသည့် သုတေသီများအပါအဝင် အများပြည်သူများ လေ့လာနိုင်ရန် ၁၉၅၇ ခုနှစ်တွင် ဟန်လင်းကျေးရွာ၌ ဟန်လင်းကျောက်စာရုံကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၃-၁၉၆၄ ခုနှစ်တွင် ကျောက်စာရုံကို ထပ်မံတိုးချဲ့ခဲ့သည်။

**ဟန်လင်းကျောက်စာရုံ**

ဟန်လင်းမြို့ဟောင်းတူးဖော်မှုများမှရရှိခဲ့သည့် ကျောက်စာများကို စနစ်တကျ ထိန်းသိမ်းခဲ့သဖြင့် ပျူယဉ်ကျေးမှု အထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့သော်လည်း ယခုတိုင် အဓိပ္ပာယ်မပြန်ဆိုနိုင်သေးသည့် ကျောက်စာများလည်း ကျန်ရှိနေဆဲဖြစ်သည်။

ဟန်လင်းကျောက်စာရုံ၌ ပျူကျောက်စာချပ်သုံးချပ်အပါအဝင် ကျောက်စာ ၂၁ ချပ်ကို ထိန်းသိမ်းပြသထားသည်။

၁၉၆၃ ခုနှစ် မတ်လတွင် ကုန်းအမှတ် (၂) မှ ရရှိခဲ့သောကျောက်စာ (အမှတ် ၀၁) သည် အေဒီ ရှစ်ရာစုတွင်ရေးထိုးခဲ့သော ပျူဘာသာကျောက်စာဖြစ်ပြီး စာကြောင်းရေ ၁၄ ကြောင်းပါရှိသည်။ ဟန်လင်းနဂါးရုံကန်ပေါင် အနောက်ဘက်မှ တွေ့ရှိခဲ့သည့် စာကြောင်းနှစ်ကြောင်းသာပါရှိသော ကျောက်စာသည်လည်း အေဒီလေးရာစုတွင် ပျူအက္ခရာများဖြင့် ရေးထွင်းခဲ့သော အစောဆုံး ပျူကျောက်စာချပ်တစ်ချပ်ဖြစ်၍ ၎င်းကျောက်စာကို ပုဂံမြို့ရှိရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။

၁၉၂၉-၁၉၃၀ ပြည့်နှစ်က ကျောက်ဘီလူးထန်းတောမှ တွေ့ရှိခဲ့ရသည့် ကျောက်ချပ်အမှတ် (၀၉) တွင် အပေါ်ပိုင်း၌ ဘုရား သို့မဟုတ် ဘုရားလောင်း ဗောဓိသတ္တပုံပါရှိပြီး အောက်ပိုင်းတွင် လက်အုပ်ချီမိုးထားသူပရိသတ် ၅၂ ဦးပုံကို ထွင်းထားသဖြင့် ၎င်းကျောက်ချပ်သည် သမိုင်းတန်ဖိုးကြီးမားသည့် ကျောက်ရုပ်ကြွအဖြစ် ထင်ရှားခဲ့သည်။

**စာမျက်နှာ ၅ သို့ á**

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်း ၇၃၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်း ၇၃၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၆၀၉ ဧက၊ ဖူးစားပြောင်း ၂၆၇၁ ဧက စုစုပေါင်း ဧက ၁၂၈၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၅၃၁၅ ဧက၊ တစ်ဧကလျှင် ၅၁ ဒသမ ၀၅တင်း၊ ဖူးစားပြောင်း၂၀၀၃ ဧက၊ တစ်ဧကလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော် စုစုပေါင်းပြောင်း ၇၃၁၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပြောင်းသီးနှံ ဧက ၁၂၈၀၀ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

၎င်းရုပ်ကြွတွင် လက်အုပ်ချီထားသည့် ပရိသတ်များသည် အတန်းသုံးတန်းပါရှိရာ အပေါ်ဆုံးတန်းတွင် လူ ၁၉ ဦး၊ အလယ်တန်းတွင် လူ ၁၈ ဦးနှင့် အောက်ဆုံးတန်းတွင် လူ ၁၅ ဦးပုံများကို ထွင်းထုထားသည်။ ၎င်းတို့အနက် တချို့က မကိုင်ရှုံ့ဆောင်းထားကာ တချို့က ဆံပင်ကိုပဝါဖြင့်စည်းထားပြီး တချို့က ဆံထုံးထုံးထားကြသည်။

ဟန်လင်းကျောက်စာရုံတွင် ပြသထားသော ကျောက်စာများအနက် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်ရှိ၍ ကျောက်စာအများစုသည် ကျောင်း၊ စေတီ၊ ဂူဘုရားများတည်ဆောက်ပြီး ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ ပစ္စည်းဥစ္စာ၊ ပိဋကတ် အလှူတော်တို့ကို မှတ်တမ်းပြုထားသော ကမ္ပည်းကျောက်စာများဖြစ်ကြသည်။ ၎င်းတို့အနက် မြေပိုင်ဆိုင်မှု အဆုံးအဖြတ်စီရင်ချက် ချမှတ်သောအမိန့်တစ်ရပ်ကို ကျောက်စာချပ် (အမှတ် ၀၄) တွင် မြန်မာအက္ခရာများဖြင့် ရေးထိုးထားသည်။ ထူးခြားသော ကျောက်စာချပ်တစ်ချပ်ဖြစ်သည့် နွားနှင့်ကျွန် လဲလှယ်သည့်မှတ်တမ်းကို ကျောက်စာချပ် (အမှတ် ၁၈)တွင် လေ့လာနိုင်ကြသည်။

ကျောက်စာချပ်များကို အကောင်းပကတိအတိုင်း တူးဖော်ရရှိမှုများရှိသကဲ့သို့ အချို့ကျောက်စာများကို အကျိုးအပိုင်းအစများအဖြစ် ရရှိခဲ့သဖြင့် ကျိုးပဲ့နေသော ကျောက်စာများကို စနစ်တကျဆက်စပ်၍ ထိန်းသိမ်းထားရှိသည်။ အချို့ကျောက်စာများသည် လယ်ယာလုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်စဉ် ထိခိုက်မိသဖြင့် ပျက်စီးခဲ့ကြသည်။ ဒေသနေပြည်သူတချို့၏ သမိုင်းတန်ဖိုးသိနားလည်မှု နည်းပါးသေးသောကြောင့် ကျောက်စာချပ်များပေါ်တွင် အဝတ်လျှော်ကြ၊ ဓားသွေးကြရာမှ ထွင်းထုထားသောစာသားများ ပျက်စီးနေသည့် ကျောက်စာတိုင်တချို့ကိုလည်း ပြတိုက်တွင် မြင်တွေ့ကြရပေသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်စု၏ သမိုင်းကြောင်းကို လေ့လာကြရာဝယ် သမိုင်းပညာရပ်က ကျောက်စာများ၊ ပေစာများ၊ ပုံနှိပ်မှတ်တမ်းများ စသည့်စာပေအရေးအသားမှတ်တမ်းများကို အခြေပြုကာ လေ့လာကြရသကဲ့သို့ ရှေးဟောင်းသုတေသနပညာရှင်များသည် တူးဖော်မှုများပြုလုပ်ကာ တွေ့ရှိရသောအဆောက်အအုံဟောင်းများ၊ မြို့ရိုးများ၊ အသုံးအဆောင်ပစ္စည်းများ၊ မြေအောက်တွင်ရှိနေသော လူအရိုးစုများ၊ မီးသွေးစများ၊ ဒင်္ဂါးများ အစရှိသည်တို့ကိုအခြေပြုကာ သမိုင်းကို ဖော်ထုတ်ကြသည်။ ထို့ကြောင့် သမိုင်းကို အခြေပြုသည့် လေ့လာမှုများတွင် ကျောက်စာများသည် အလွန်အရေးကြီးသည့် ခိုင်မာသော အထောက်အထားများဖြစ်လာကြသည်။

ကျောက်စာများကို တစ်ဦးတစ်ယောက်သော အလှူမှတ်တမ်းမှသည် အုပ်ချုပ်သူတို့၏ဆောင်ရွက်ချက်များထိ ရည်ရွယ်ချက်မျိုးစုံဖြင့် ရေးထိုးခဲ့သဖြင့် သမိုင်းနှင့် ရှေးဟောင်းသုတေသနသုတေသီများအတွက် အခိုင်မာဆုံးသော မှတ်တမ်းအထောက်အထားများဖြစ်လာခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသမိုင်းစဉ်တွင် အထင်အရှားရှိခဲ့သည့် ပျူလူမျိုးများ၏ သမိုင်းနှင့်ယဉ်ကျေးမှုကို ဖော်ထုတ်ရာတွင် ဟန်လင်းကျောက်စာရုံ၌ ထိန်းသိမ်းထားသည့် ပျူကျောက်စာများသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိနေပေသည်။

**ကိုးကား**

- **ဟန်လင်းမြို့ဟောင်း(ဦးမြင့်အောင်)**
- **ဟန်လင်းမြို့ဟောင်း တူးဖော်မှုမှတ်တမ်း (ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**
- **ပျူစာပေစာတမ်း(ဦးစိန်ဝင်း)**

## ရည်ရွယ်ရာ ပန်းတိုင်သို့

– ကြိုးစားသူ ဘဝလမ်း
အလှပန်း တဝေဝေ၊
မကြိုးစားသူ ဘဝဆုံး
ကျရှုံးကာနေ၊
တန်ဖိုးထား ဘဝအခြေ
အရဖွေ အောင်မြင်ရေး၊
မေတ္တာမှု ချစ်ခြင်းဖက်
ပြစ်ကင်းလျက်လေး။

– ဆင်ခြင်ကာ မြော်မြင်တွေး
ဘဝအရေး လှပရာ၊
ရိုးသားမှု မပျက်ထုံး
အပြုံးချိုသာ၊
ကူညီဖေးမ လက်တွဲကာ
ကျင့်သိက္ခာ မှန်စေသား၊
ဒုစရိုက် အမှောင်ခင်း
ရှောင်ကွင်းလို့သွား။

– အောင်မြင်ရာ နည်းလမ်းများ
စည်းကမ်းထား လိုက်နာလေ၊
ဉာဏ်ပညာ ဗဟုသုတ
ပြည့်ဝပါစေ၊
ဖွဲ့ လုံ့လ ဝီရိယအခြေ
အသိသတိတွေ မြဲမြံလျက်၊
ရည်ရွယ်ရာ ပန်းတိုင်သို့
လှမ်းနိုင်ဖို့တွက်။ ။

**အဝေရာကိုကို**

# ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၇ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ

# အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗင့်ခ် ဂါဇာကမ်းမြောင်သို့ သွားရောက်မည်



**နယူးယောက် အောက်တိုဘာ ၂၁**

အမေရိကန် ဒုတိယသမ္မတ ဂျေဒီဗင့်ခ်သည် ယနေ့တွင် ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် တည်ငြိမ် ခိုင်မာစေရေးအတွက် အမေရိကန်အစိုးရက ကြိုးပမ်းနေချိန်တွင် ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ရန် ဒုတိယသမ္မတ ဂျေဒီဗင့်ခ်က စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်အရ အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် အောက်တိုဘာ ၁၀ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် တရားဝင်ရယူခဲ့ကြသည်။

သို့ရာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်နေကြကြောင်း အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့က တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပြစ်တင် စွပ်စွဲလျက်ရှိသည်။

အမေရိကန် ဒုတိယသမ္မတ ဂျေဒီဗင့်ခ်သည် ဂါဇာကမ်းမြောင်ဒေသခရီးစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် တာကာအီချီ ဂျပန်ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခံရ



**တိုကျို အောက်တိုဘာ ၂၁**

လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဆာနာအီတာကာအီချီကို ဝန်ကြီးချုပ်သစ်အဖြစ် ဂျပန်အောက်လွှတ်တော်က ယနေ့တွင် ရွေးချယ်တင်မြှောက်ခဲ့သည်။

ကွန်ဆာဗေးတစ်ဝါဒီအမျိုးသမီးနိုင်ငံရေးသမား တာကာအီချီသည် ဂျပန်အောက်လွှတ်တော် မဲခွဲပွဲရလဒ်အရ ဂျပန်နိုင်ငံ၏ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ယနေ့ ဂျပန်အောက်လွှတ်တော် မဲခွဲပွဲတွင် လွှတ်တော်အမတ် ၄၆၅ ဦးအနက် ၂၃၇ ဦးတို့က ထောက်ခံမဲပေးခဲ့ကြသည်။

အသက် ၆၄ နှစ်အရွယ် တာကာအီချီသည် ယနေ့ညနေပိုင်းမှာပင် ဂျပန်နိုင်ငံ၏ ၁၀၄ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုဖွယ်ရှိသည်။

ပြီးခဲ့သည့်နှစ် လွှတ်တော်ရွေးကောက်ပွဲ အရှုံးရလဒ်များအတွက် တာဝန်ယူသည့်အနေဖြင့် ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အီရှီဘာက ကြေညာခဲ့ပြီးနောက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် တာကာအီချီကို ပါတီခေါင်းဆောင်သစ်အဖြစ် အောက်တိုဘာ ၄ ရက်တွင် ရွေးချယ်ခဲ့ရသည်။

ဝန်ကြီးချုပ်သစ် တာကာအီချီ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးအတွက် ဂျပန်ပြည်ဆန်းသစ်ရေးပါတီ အမည်ရှိ မိတ်ဖက်ပါတီနှင့် အောက်တိုဘာ ၂၀ ရက်တွင် သဘောတူညီချက်ရယူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တီချိုနိုင်ငံတကာလေဆိပ်သစ် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်မာနက် ဖွင့်လှစ်



**ဖနောင်ပင် အောက်တိုဘာ ၂၁**

ဖနောင်ပင်မြို့၏ နိုင်ငံတကာလေဆိပ်သစ်ကို ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်မာနက်က အောက်တိုဘာ ၂၀ ရက်တွင် တရားဝင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တီချို နိုင်ငံတကာလေဆိပ်အမည်ရှိ အဆိုပါလေဆိပ်သစ်ကို ဖနောင်ပင်မြို့ တောင်ပိုင်း ၁၉ မိုင်အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအကုန်အကျခံတည်ဆောက်ထားသည့် တီချိုနိုင်ငံတကာလေဆိပ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်မာနက်က လေဆိပ်ဖွင့်ပွဲမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

လေယာဉ်ပြေးလမ်း သုံးခု ပါရှိသည့် တီချိုနိုင်ငံတကာလေဆိပ်သည် သက်တမ်း နှစ် ၇၀ နီးပါးရှိပြီဖြစ်သည့် ဖနောင်ပင်နိုင်ငံတကာလေဆိပ်နေရာတွင် အစားထိုး၍ နိုင်ငံတကာ ခရီးစဉ်များနှင့် ပြည်တွင်းခရီးစဉ်များကို ကိုင်တွယ်မည်ဖြစ်သည်။

တီချို နိုင်ငံတကာလေဆိပ်သည် ကနဦးတွင် တစ်နှစ်လျှင် ခရီးသည် ၁၃ သန်းထိ ဝန်ဆောင်မှုပေးနိုင်သည်။

၂၀၃၀ပြည့်နှစ်အရောက်၌ တီချိုနိုင်ငံတကာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်သန်း ၃၀ ထိ ဝန်ဆောင်မှု ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အေပက်ထိပ်သီးညီလာခံအတွက် လုံခြုံရေး အစီအမံများ တောင်ကိုရီးယားမြှင့်တင်

**ဆိုးလ် အောက်တိုဘာ ၂၁**

တောင်ကိုရီးယားနိုင်ငံသည် ယောင်ဂျူးမြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံအတွက် လုံခြုံရေးအစီအမံများမြှင့်တင်နေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် အေပက်ထိပ်သီးညီလာခံကို ယောင်ဂျူးမြို့၌ အောက်တိုဘာ ၃၁ ရက်မှနိုဝင်ဘာ ၁ ရက်ထိ ကျင်းပရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားသည်။

အဆိုပါ ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင် အပါအဝင် အေပက်အဖွဲ့ဝင် ၂၁ နိုင်ငံတို့မှ ခေါင်းဆောင်များတက်ရောက်ကြမည်ဖြစ်သည်။

ယင်းအပြင် အေပက်ထိပ်သီးညီလာခံကာလအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့၏ ပထမဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲကိုလည်း ကျင်းပနိုင်ဖွယ်ရှိသည်။

သို့ဖြစ်ရာ အေပက်ထိပ်သီးညီလာခံလုံခြုံရေးအတွက် တောင်ကိုရီးယားအစိုးရက ရဲတပ်ဖွဲ့ဝင်နှင့် အထူးရဲတပ်ဖွဲ့ဝင် ၁၈၇၀၀ကျော်ကို တာဝန်ပေးထားသလို ကမ်းခြေစောင့်တပ်ကိုလည်း တာဝန်ပေးထားသည်။

ယင်းအပြင် မောင်းသူမဲ့လေယာဉ်အန္တရာယ်ကာကွယ်ရေးစနစ်များ၊ ရဟတ်ယာဉ်များနှင့် သံချပ်ကာ ယာဉ်များကိုလည်း ယောင်ဂျူးမြို့၌ ဖြန့်ကြက်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အဖျက်အမှောင့်လုပ်ငန်းများ၌ ပါဝင်သူများကို ထောင်ဒဏ်တစ်သက်ထိ အပြစ်ပေးနိုင်မည့်ဥပဒေကြမ်း ရုရှားလွှတ်တော်အမတ်များရေးဆွဲ

**မော်စကို အောက်တိုဘာ ၂၁**

အဖျက်အမှောင့်လုပ်ငန်းများ၌ ပါဝင်ပတ်သက်နေသူမှန်သမျှကို ထောင်ဒဏ်တစ်သက်ထိ အပြစ်ပေးနိုင်မည့်ဥပဒေကြမ်းတစ်ရပ်ကို ရုရှားလွှတ်တော် အမတ်များက ရေးဆွဲထားကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဥပဒေကြမ်း၌ အဖျက်အမှောင့်လုပ်ငန်းများ၌ ပါဝင်မှုဖြင့် တရားစွဲဆိုနိုင်သော အသက်အရွယ်ကိုလည်း ၁၄ နှစ်ထိ လျှော့ချထားကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်လုံခြုံရေးအေဂျင်စီများကို ကျယ်ပြန့်သည့်လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ထားသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

အဖျက်အမှောင့် လုပ်ငန်းများ၌ ပါဝင်သူများကို ထောင်ဒဏ်တစ်သက်ထိ ချမှတ်နိုင်မည့်ဥပဒေကြမ်းကို ရုရှားလွှတ်တော်အမတ်များက အောက်တိုဘာ ၂၀ ရက်တွင် အောက်လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်အမတ် ၄၅၀အနက် ၄၁၉ ဦးတို့က ထောက်ခံထားကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဖျက်အမှောင့်လုပ်ငန်းများသည် ရုရှားနိုင်ငံအတွက် ခြိမ်းခြောက်မှုဖြစ်ရာ အဆိုပါဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ရန် လိုအပ်ကြောင်း ရုရှားလွှတ်တော်အမတ်များက ပြောကြားခဲ့သည်။


ယူကရိန်းနှင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အုပ်စုဝင်နိုင်ငံများက ရုရှားနိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်းများလုပ်နေကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## သက်နုကြယ်တစ်စင်းပတ်ပတ်လည်ရှိ ဓာတ်ငွေ့ချပ်ဝန်းလွှာနယ်မြေအတွင်း ရေလေးများကို ပထမဆုံးအကြိမ်အဖြစ် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ




ဝါရှင်တန် အောက်တိုဘာ ၂၁

သက်နုကြယ်တစ်စင်း ပတ်ပတ်လည်ရှိ ဓာတ်ငွေ့ချပ်ဝန်းလွှာနယ်မြေအတွင်း ရေလေး(Heavy Water) များကို ပထမဆုံးအကြိမ်အဖြစ် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါရေလေးများကို V883 Orionis အမည်ရှိ သက်နုကြယ်တစ်စင်း၏ ဓာတ်ငွေ့နှင့် ဖုန်မှုန့်ချပ်ဝန်းလွှာ နယ်မြေအတွင်း အယ်လ်မာရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် အမေရိကန်သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မိမိတို့တွေ့ရှိထားသော ရေလေးများသည် V883 Orionis ကြယ် ပေါ်ထွက်ခဲ့သည့် မော်လီကျူးလာတိမ်တိုက်အတွင်း စတင်ပေါ်ထွက်လာသည့် ရေလေးများဖြစ်နိုင်ပြီး V883 Orionis ကြယ်ထက်ပင် သက်တမ်းရှေးကျနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သာမန်ရေဓာတ်သည် ဟိုက်ဒရိုဂျင်အက်တမ်နှစ်လုံး၊ အောက်ဆီဂျင်အက်တမ် တစ်လုံးတို့ဖြင့် ဖွဲ့စည်းထားပြီး ရေလေးကိုမူ ဟိုက်ဒရိုဂျင်အက်တမ် နှစ်လုံးနှင့် ဒီတာရီယမ်အက်တမ် နှစ်လုံးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ရှေးယခင်က ရေလေးကို နေအဖွဲ့အစည်းအတွင်းရှိကြယ်တံခွန်များ၌ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

V883 Orionis ကြယ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၃၅၀ အကွာတွင်တည်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက ၁၃၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၂၁

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်၏ ၁၃၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို အောက်တိုဘာ ၂၀ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ဂြိုဟ်တု ၂၈ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



အောက်တိုဘာ ၂၀ ရက်မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီ၏ ယခုနှစ်၏ ၁၃၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် Tin-tin A နှင့် Tintin B အမည်ရှိ စတားလင့်ခ် ရှေ့ပြေးဂြိုဟ်တု နှစ်စင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တင်ခဲ့ပြီးနောက် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်ကို စတင် တည်ဆောက်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသရေဒီယိုတယ်လီစကုပ်လွှတ်တင်ရေးအတွက် ဘလူးစကိုင်းစပေ့ကုမ္ပဏီ စီစဉ်

လန်ဒန် အောက်တိုဘာ ၂၁

ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိက အာကာသရေဒီယိုတယ်လီစကုပ် လွှတ်တင်ရေးအတွက် ဗြိတိန်နိုင်ငံအခြေစိုက် ဘလူးစကိုင်းစပေ့ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Mauve အမည်ရှိ အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် နိုဝင်ဘာလအတွင်း စပေ့စ်အိတ်၏ Transporter-15 မစ်ရှင်ဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

လက်ဆွဲသေတ္တာ တစ်လုံးအရွယ်သာရှိသော Mauve အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များရှိနေနိုင်သော ကြယ်များကို ရှာဖွေလေ့လာမည်ဖြစ်ကြောင်း ဘလူးစကိုင်းစပေ့ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

သုံးနှစ်ကြာ အချိန်ယူတည်ဆောက်ထားသည့် Mauve အာကာသရေဒီယိုတယ်လီစကုပ်သည် ဘလူးစကိုင်းစပေ့ကုမ္ပဏီ၏ ပထမဆုံးဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ဘလူးစကိုင်းစပေ့ ကုမ္ပဏီသည် Twinkle အမည်ရှိ ဒုတိယမြောက် အာကာသရေဒီယိုတယ်လီစကုပ်ကိုလည်း တည်ဆောက်လျက်ရှိသည်။

Twinkle အာကာသရေဒီယိုတယ်လီစကုပ်သည် အလေးချိန် ကီလိုဂရမ် ၁၅၀ သာရှိပြီး Mauve အာကာသရေဒီယိုတယ်လီစကုပ်ကဲ့သို့ပင် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များရှိနေနိုင်သောကြယ်များကို စူးစမ်းလေ့လာမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## နာနိုရုပ်မှုန့်ထိုးဆေးကိုသုံး၍ ကြွက်များ၏ ဦးနှောက်အတွင်းရှိ အယ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေသည့်ပရိုတင်းတစ်မျိုးကို ရှင်းလင်းပေးနိုင်ခဲ့

ပေကျင်း အောက်တိုဘာ ၂၁

စပိန်နှင့် တရုတ်သုတေသနပညာရှင်များသည် အထူးပြုပြင်ထားသော နာနိုရုပ်မှုန့်ထိုးဆေးကို သုံး၍ ကြွက်များ၏ ဦးနှောက်အတွင်းရှိ အယ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေသည့် ပရိုတင်းတစ်မျိုးကို ရှင်းလင်းပေးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၀ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

အထူးပြုပြင်ထားသည့် နာနိုရုပ်မှုန့်များကို သုံးကြိမ်သာ ထိုးနှံပေးခြင်းဖြင့် ကြွက်များ၏ ဦးနှောက်အတွင်းရှိ ဘီတာအမိလွိုက်ပရိုတင်းများကို ရှင်းလင်းပေးနိုင်ခဲ့ကြောင်း စပိန်နှင့် တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ဘီတာအမိလွိုက်ပရိုတင်းများကို အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်နေသည့် ပရိုတင်းများအဖြစ် သုတေသနပညာရှင်များက ယူဆထားသည်။

မိမိတို့ဖန်တီးထားသည့် နာနိုရုပ်မှုန့်ထိုးဆေးသည် ကိုယ်ခန္ဓာ သွေးလည်ပတ်မှု စနစ်အတွင်းရှိ အဆိပ်အတောက်များ ဦးနှောက်အတွင်းဝင်ရောက်မှုကို ကာကွယ်ပေးသည့်စနစ် ပျက်စီးမှုကို ကာကွယ်ပေးနိုင်ကြောင်း၊ နာနိုရုပ်မှုန့်ထိုးဆေးများ ထိုးနှံပြီး တစ်နာရီခန့်အကြာမှာပင် ကြွက်များ၏ ဦးနှောက်အတွင်းရှိ ဘီတာအမိလွိုက် ပရိုတင်းများသည် ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Xinhua News
Trs : KKO

## အင်္ဂလန်နှင့် ဝေလနိုင်ငံတို့၌ HIV ပိုးရုပ်ကို ကာကွယ်ပေးမည့်ထိုးဆေးတစ်မျိုးကို စတင်အသုံးပြုမည်

လန်ဒန် အောက်တိုဘာ ၂၁

ခုခံအားစနစ်ကျဆင်းမှုရောဂါပိုးရုပ်(HIV)ကို ကာကွယ်ပေးမည့် ထိုးဆေးတစ်မျိုးကို အင်္ဂလန်နှင့် ဝေလနိုင်ငံတို့ရှိ ဆေးရုံများတွင် စတင်သုံးစွဲခွင့်ပေးရန် ဗြိတိန်အမျိုးသားကျန်းမာရေး အင်စတီကျူက အတည်ပြုချက်ပေးထားကြောင်း အောက်တိုဘာ ၂၀ သတင်းများတွင် ရေးသားတင်ပြထားသည်။

Cabotegravir အမည်ရှိ ၎င်းထိုးဆေးသည် နှစ်လတစ်ကြိမ် ထိုးနှံရန်လိုပြီး HIV ပိုးရုပ်ကူးစက်မှုကို ရာနှုန်းပြည့်နီးပါး တားဆီးပေးနိုင်ကြောင်း သိရသည်။

Cabotegravir ထိုးဆေးသည် HIV ပိုးရုပ် ပုံတူပွားရာတွင်လိုအပ်သည့် အင်ဇိုင်းတစ်မျိုးကို ပိတ်ပင်ပေးခြင်းဖြင့် HIV ပိုးရုပ်ကူးစက်မှုကို တားဆီးပေးနိုင်ကြောင်း သိရသည်။

လက်ရှိအသုံးပြုနေကြသည့် HIV ပိုးရုပ်ကာကွယ်ရေး သောက်ဆေးများသည် နေ့စဉ်သောက်သုံးရန် လိုအပ်သော်လည်း Cabote-gravir ထိုးဆေးမှာမူ နှစ်လတစ်ကြိမ်သာ ထိုးနှံရန်လိုအပ်ကြောင်း ဗြိတိန်ဆေးပညာရှင်များက ပြောကြားသည်။

ဗြိတိန် တာဝန်ရှိသူများသည် အကြောင်းအမျိုးမျိုးကြောင့် HIV ပိုးရုပ်ကာကွယ်ရေးသောက်ဆေးများ မသောက်သုံးနိုင်သူများကို Cabotegravir ထိုးဆေးကို ထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# WBO စူပါဖလိုင်းဝိတ်တန်း ခြောက်ကြိမ်မြောက် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဟီရူတာက ဂယ်လာဒိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်

**ကယ်လီဖိုးနီးယား အောက်တိုဘာ ၂၁**

အမျိုးသမီး WBO စူပါဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဂျပန်လက်ဝှေ့မယ် ဟီရူတာသည် စိန်ခေါ်သူ မက္ကဆီကို လက်ဝှေ့မယ် ဂယ်လာဒိုနှင့် နိုဝင်ဘာ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ် လောင်းဘိချ်၌ ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟီရူတာသည် အမျိုးသမီး WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း လက်ရှိချန်ပီယံဆုကို ခြောက်ကြိမ်မြောက် ကာကွယ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဂယ်လာဒိုသည် လက်ရှိ စူပါဖလိုင်းဝိတ်တန်းတွင် ကမ္ဘာ့အဆင့် (၂)နေရာ၌ ရပ်တည်နေသူဖြစ်သလို လက်ရှိချန်ပီယံကိုလည်း စိန်ခေါ်ခွင့်ရထားသူဖြစ်သည်။

ဟီရူတာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ကိုးပွဲ ထိုးသတ်ထားပြီး လက်ရှိချန်ပီယံကို ခြောက်ကြိမ်မြောက် ကာကွယ်သွားရမည့် မှတ်တမ်းသည် လက်ဝှေ့လောကတွင် အကောင်းဆုံးမှတ်တမ်းများ၌ ပါဝင်နေသည်။

စိန်ခေါ်သူ ဂယ်လာဒိုသည် အတွေ့အကြုံပိုရှိသည့် လက်ဝှေ့မယ်ဖြစ်ပြီး စိန်ခေါ်ပွဲပေါင်း ၂၂ ပွဲ ထိုးသတ်ထားကာ နိုင်ပွဲ ၁၆ ပွဲ၊ သရေပွဲ သုံးပွဲနှင့် သုံးပွဲ ရှုံးနိမ့်ထားကြောင်း သိရသည်။

ဟီရူတာနှင့် ဂယ်လာဒိုကို ပွဲတည်ပေးခဲ့သော 360 Promotions မှ ဥက္ကဋ္ဌဖြစ်သူ လိုဖလာက "ဟီရူတာဟာ လက်ဝှေ့လောကမှာ အမြဲတမ်းလှုပ်ရှားမှုရှိနေတဲ့ လက်ဝှေ့သမားအဖြစ် ရပ်တည်ချင်သူဖြစ်တယ်။ ဂယ်လာဒိုဟာ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်ပြီးတော့ မက္ကဆီကို လက်ဝှေ့လောကရဲ့ အကောင်းဆုံး လက်ဝှေ့မယ်တွေထဲက တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲဟာ ပရိသတ်တွေ မျှော်လင့်နေတဲ့ ချန်ပီယံစိန်ခေါ်ပွဲကြီးဖြစ်ပါတယ်။ အမျိုးသမီးလက်ဝှေ့လောကရဲ့ အကောင်းဆုံးစိန်ခေါ်ပွဲ တစ်ပွဲလဲ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရှုံးပွဲမရှိသေးသည့် ဟီရူတာသည် ခြောက်ကြိမ်မြောက် လက်ရှိချန်ပီယံကို ကာကွယ်သွားနိုင်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ref : Ring Magazine
Trs : AZL




## အားကစားသတင်းအတိုအထွာများ

- အဲဗာတန်အသင်းက ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးနိုင်ခဲ့သည့် ခံစစ်ကစားသမား ဘရိန်းဝိတ်၏ ကြွက်သားဒဏ်ရာမှာ ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရကြောင်း အဲဗာတန်အသင်း ဆေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်၏ လုပ်ခလစာမြင့်မားမှုကြောင့် ခေါ်ယူရန် စိတ်ဝင်စားမှုမရှိတော့ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ပရီးမီးယားလိဂ်သို့ပြန်လည်ပြောင်းရွှေ့မည့် အယ်အာလီကစားသမားတိုနေးကို ဝက်စ်ဟမ်းအသင်းက ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ML

# ဝက်စ်ဟမ်းအသင်း သမိုင်းတစ်လျှောက် ရာသီအစ အိမ်ကွင်းလေးပွဲဆက် ရှုံးနိမ့်ခဲ့သည့်မှတ်တမ်းဆိုး ပိုင်ဆိုင်ခဲ့



**လန်ဒန် အောက်တိုဘာ ၂၁**

ဝက်စ်ဟမ်းအသင်းသည် ဘရန့်ဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသောရာသီအစနှင့် ကြုံတွေ့နေရပြီး ရာသီအစ အိမ်ကွင်းလေးပွဲဆက် ရှုံးနိမ့်သည့်မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းသည် အိမ်ကွင်း၌ နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ အစပိုင်းကတည်းက ရလဒ်များ ဆက်တိုက်ဆိုးရွားခဲ့သည့်အတွက် နည်းပြဂရာဟမ်ပေါ်တာကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် နော်တင်ဟမ်အသင်း နည်းပြဟောင်းဆန်းတို့စ်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဆန်းတို့စ်သည် နော်တင်ဟမ်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများမရရှိသေးဘဲ ရုန်းကန်နေရခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ် ရှစ်ပွဲကစားပြီးချိန်၌ လေးမှတ်သာရရှိထားပြီး အိမ်ကွင်းလေးပွဲကစားခဲ့ရာတွင်လည်း လေးပွဲထိ ရှုံးနိမ့်ထားကာ အသင်းသမိုင်းတစ်လျှောက် အဆိုးရွားဆုံးရာသီအစနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ကမ္ဘာ့ဖလားခြေစစ်ပွဲ play-off ပွဲစဉ်ကြောင့် အမေရိကန်တွင် ကစားရမည့်ခြေစမ်းပွဲများကို နိုင်ဂျီးရီးယားအသင်း ဖျက်သိမ်း

**အဘူဂျာ အောက်တိုဘာ ၂၁**

နိုင်ဂျီးရီးယား အသင်းသည် အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုအဆင့်တွင် တောင်အာဖရိကအသင်း၊ ဘီနင်အသင်း၊ လီဆိုသိုအသင်း၊ ရဝမ်ဒါအသင်း၊ ဇင်ဘာဘွေအသင်းတို့နှင့် ကစားခဲ့ရသော်လည်း အုပ်စုဒုတိယဖြင့်သာ ရပ်တည်နိုင်ခဲ့သောကြောင့် ကမ္ဘာ့ဖလား တိုက်ရိုက်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရပြီး play-off ကစားခွင့်သာရရှိခဲ့သောကြောင့် လာမည့်လအတွင်း အမေရိကန်နိုင်ငံတွင် ကစားရမည့် ခြေစမ်းပွဲစဉ်များကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယား အသင်းသည် လာမည့်လအတွင်း မော်ရိုကိုနိုင်ငံတွင် play-off ပွဲစဉ်ကစားမည့်အချိန်တွင် ခြေစမ်းပွဲစဉ်များအဖြစ် အမေရိကန်နိုင်ငံ၌ နိုဝင်ဘာ ၁၄ ရက်တွင် ဗင်နီဇွဲလားအသင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် ကိုလံဘီယာအသင်းတို့နှင့် ခြေစမ်းပွဲစဉ်များ ကစားရမည်ဖြစ်၍ အဆိုပါ ခြေစမ်းပွဲစဉ်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ဂျီးရီးယား ဘောလုံးအဖွဲ့ချုပ်က အဆိုပါ ဗင်နီဇွဲလားနှင့် ကိုလံဘီယာအသင်းတို့၏ ခြေစမ်းပွဲစဉ်များအတွက် လက်မှတ်များ ကြိုတင်ရောင်းချထားပြီး ပွဲစဉ်များဖျက်သိမ်းကြောင်းသာ တရားဝင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

နိုင်ဂျီးရီးယားအသင်းအနေဖြင့် ကမ္ဘာ့ဖလားဝင်ခွင့် တစ်နေရာအတွက် ဂါဘွန်အသင်းနှင့် လာမည့် နိုဝင်ဘာ ၁၃ ရက်တွင် နောက်ဆုံးအဆင့်ခြေစစ်ပွဲ ကစားရမည်ဖြစ်ပြီး ရှုံးနိမ့်ပါက ၂၀၂၆ ကမ္ဘာ့ဖလား ဝင်ခွင့်နှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

# ဆီဗီဒင်အသင်းက ဝက်စ်ဟမ်းအသင်းနည်းပြဟောင်း ဂရာဟမ်ပေါ်တာကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ကြေညာ

**စတော့ဟုမ်း အောက်တိုဘာ ၂၁**

ဆွီဒင်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွင် ရလဒ်ဆိုးများဖြင့် ရုန်းကန်ခဲ့ရပြီးနောက် ဝက်စ်ဟမ်းအသင်းနည်းပြဟောင်း ဂရာဟမ်ပေါ်တာကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ကြေညာခဲ့သည်။

ဆွီဒင်အသင်းသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု(B)တွင် လေးပွဲကစားခဲ့ရာ သုံးပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် တစ်မှတ်သာ ရရှိခဲ့ကာ အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်နိုင်ခဲ့သောကြောင့် နည်းပြ သောမတ်ဆန်ကို ရာထူးမှ ထုတ်ပယ်၍ နည်းပြ ဂရာဟမ်ပေါ်တာကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ ဂရာဟမ်ပေါ်တာသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဆွမ်ဆီးအသင်းကို တာဝန်ယူချိန်တွင် ရလဒ်ကောင်းခဲ့ပြီး ဘရိုက်တန်အသင်း၊ ချဲလ်ဆီးအသင်းတို့ကို တာဝန်ယူခဲ့ပြီးနောက်ပိုင်း ဝက်စ်ဟမ်းအသင်းကို တာဝန်ယူခဲ့သော်လည်း ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိသဖြင့် ရာထူးမှထုတ်ပယ်ခံခဲ့ရသည်။

ထို့နောက် ဆွီဒင်အသင်းက အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ ဂရာဟမ်ပေါ်တာကို နည်းပြ သောမတ်ဆန်၏ နေရာတွင် အစားထိုးခဲ့ပြီး လက်ကျန်ပွဲစဉ်များတွင် အသင်းကိုနိုင်ပွဲရယူ၍ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရယူပေးနိုင်ရန်မျှော်လင့်ထားသည်။

ဆွီဒင်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲ လက်ကျန်ပွဲစဉ်များအဖြစ် ဆွစ်ဇာလန်အသင်းကို အဝေးကွင်း၊ ဆလိုဗေးနီးယားအသင်းကို အိမ်ကွင်းတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

# နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့သည့် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနော Erste Bank Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ တက်ရောက်



**ဗီယင်နာ အောက်တိုဘာ ၂၁**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ကျင်းပနေသည့် Erste Bank Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနောနှင့် ဩစတြီးယားတင်းနစ်ကစားသမားရိုဒီယိုနော့ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီနောက(၆-၄၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီမီနောအတွက် ရိုဒီယိုနော့ဖ်အား အနိုင်ရခဲ့သည့် ပွဲစဉ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့သည့်ပွဲစဉ်ဖြစ်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီက ပွဲအပြီးတွင် ဒီမီနောအတွက် အမှတ်တရဂုဏ်ပြုမှု ပြုလုပ်ပေးခဲ့သည်။

ဒီမီနောသည် အိမ်ရှင်ကစားသမား ရိုဒီယိုနော့ဖ်ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့ခြင်းမှာ ထိုက်တန်ကြောင်းလည်း သက်သေပြနိုင်ခဲ့သည်။

ဒီမီနောက "အမှတ်တရနိုင်ပွဲလေးပါ။ကစားသမားဘဝဖြတ်သန်းလာတဲ့ တစ်လျှောက် အတက်အကျအနိမ့်အမြင့်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ပျော်စရာတွေကြုံတွေ့ခဲ့သလို စိတ်ပျက်စရာ၊ ဝမ်းနည်းစရာတွေနဲ့လဲ ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်။ အခြေအနေအမျိုးမျိုးကို ကျော်ဖြတ်ပြီးတော့ အခုလို နိုင်ပွဲ ၃၀၀ ပြည့်မြောက်သွားခဲ့တာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်။ နိုင်ပွဲအရေအတွက်ဟာ ကစားသမားဘဝရှည်ကြာနေပြီ ဖြစ်တယ်ဆိုတာကိုလဲသတိထားမိလာသလို တင်းနစ်ကစားသမားဘဝနဲ့ ကာလရှည် ဖြတ်သန်းခွင့်ရတာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်။ ကစားသမားဘဝတစ်ယောက်ရဲ့ ဂုဏ်ယူစရာ မှတ်တမ်းကောင်းတစ်ခုပါ" ဟု ပြောကြားခဲ့သည်။

ဒီမီနောသည် ဒုတိယအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား ယူဂိုနှင့် ဩစတြီးယားတင်းနစ်ကစားသမား မီဆိုလစ်တို့ပွဲစဉ်မှအနိုင်ရရှိလာသည့် ပြိုင်ပွဲဝင်ဖြင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Ubi Tennis**

**Trs : AZL**

# လေးပွဲဆက်ရှုံးနိမ့်ပြီးနောက် လီဗာပူးအသင်းဘုတ်အဖွဲ့ဝင်များ အရေးပေါ်ဆွေးနွေးမှုပြုလုပ်

**လန်ဒန် အောက်တိုဘာ ၂၁**

လီဗာပူးအသင်းဘုတ်အဖွဲ့ဝင်များ၊ နည်းပြအဖွဲ့ဝင်များအကြား လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ပြီးနောက် အရေးပေါ်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြ အာနီစလော့လက်အောက်တွင် ရလဒ်ကောင်းများရရှိခဲ့ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး ရှုန်းကန်နေရခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲစုံ လေးပွဲဆက်ရှုံးနိမ့်ခဲ့ကာ ရုန်းကန်နေရပြီး နည်းပြအာနီစလော့၏ အနာဂတ်ပါ မတည်မငြိမ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် အပြောင်းအရွှေ့ကာလတွင် စံချိန်တင် ပြောင်းရွှေ့ကြေး အသုံးပြုပြီး ကစားသမားခေါ်ယူမှုများ လုပ်ဆောင်ခဲ့သော်လည်း နည်းပြသစ်အတွက် နည်းပြဟောင်း ကလော့ပ်ကရေပန်းစားနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**



# လီဗာပူးအသင်းကစားသမားဘဝ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲဆက်ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ဆာလာဟ်ရရှိ

**လန်ဒန် အောက်တိုဘာ ၂၁**

လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်သည် လီဗာပူးအသင်း ကစားသမားဘဝ ပရီးမီးယားလိဂ်ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုး တစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

ဆာလာဟ်သည် လီဗာပူး အသင်းကစားသမားဘဝ ၂၀၁၇ ခုနှစ်က အသင်းသို့ပြောင်းရွှေ့ခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းသိသိသာသာကျဆင်းလာခဲ့ပြီး ရုန်းကန်နေရခြင်းဖြစ်သည်။

ဆာလာဟ်သည် မန်ယူအသင်းနှင့်တွေ့ဆုံသည့် ၁၁ပွဲတွင် အစောပိုင်းက ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး အပိုင်ဂိုးသွင်းခွင့်များပင် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ဆာလာဟ်သည် ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပိုင်း သိသိသာသာကျဆင်းနေပြီး ရာသီအဖွင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ မန်ယူအသင်းနှင့်ပွဲစဉ်တွင် အပိုင်အခွင့်အရေးများလွဲချော်ခဲ့ပြီး ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံရမည့် အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နီမန်း ပါဝင်ယှဉ်ပြိုင်မည်

**ဘရစ္စဘိန်း အောက်တိုဘာ ၂၁**

ကမ္ဘာ့ဂေါက်သီးရိုက် ပြိုင်ပွဲမျိုးစုံတွင် ဆုဖလားပေါင်း အလုံး ၂၀ ထိ ဆွတ်ခူးထားပြီး LIV Golf အဖွဲ့ချုပ်တွင် ယှဉ်ပြိုင်ကစားနေသည့် ချီလီဂေါက်သီးရိုက် ကစားသမားနီမန်းသည် လာမည့် နိုဝင်ဘာလတွင် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပပြုလုပ်မည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

နီမန်းသည် PGA Tour တွင် ယှဉ်ပြိုင်ကစားစဉ် ဆုဖလား နှစ်လုံးရရှိခဲ့ပြီး PGA Tour တွင် ဆုဖလားရရှိခဲ့သည့် ပထမဆုံးသော ချီလီဂေါက်သီးရိုက် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

LIV Golf အဖွဲ့ချုပ်သို့ ရွှေ့ပြောင်းခဲ့ပြီး နောက်ပိုင်းတွင် ဆုဖလား ခုနစ်လုံးထိ ရရှိခဲ့သည့် နီမန်းသည် PGA Tour ဖြစ်သည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ခဲ့ခြင်းအပေါ် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆို ခဲ့ကြောင်း သိရသည်။

နီမန်းက "ဂေါက်သီးရိုက်ရာသီတစ်ရာသီပြီးဆုံးခါနီး ဩစတြေးလျမြေမှာ ကစားခွင့်ရတော့မှာကို ဝမ်းသာဂုဏ်ယူပါတယ်။ ၂၀၂၃ ခုနှစ်တုန်းက ဒီပြိုင်ပွဲမှာ ကျွန်တော် အောင်မြင်မှုရခဲ့တယ်။ ဩစတြေးလျမှာ ဂေါက်ရိုက်ရတာ စိတ်ချမ်းသာတယ်။ ဩစတြေးလျမြေမှာ ပြိုင်ပွဲဝင်တာနဲ့ ပတ်သက်ပြီးတော့လဲ ကျွန်တော့်မှာ အမှတ်တရကောင်းတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်တုန်းက Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်း ဩစတြေးလျနိုင်ငံနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘဝမှာ အမှတ်တရကောင်းတွေ အများကြီး ရှိနေပါတယ်။ အခုတစ်ကြိမ်မှာလဲ ၂၀၂၃ခုနှစ်တုန်းကလို အကောင်းဆုံး စွမ်းဆောင်နိုင်အောင် ကြိုးစားသွားမှာလဲ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Australia**

**Trs : AZL**

# ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းများ၏ အုပ်စုပွဲစဉ်များကိုထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းများ၏အုပ်စုပွဲစဉ်များကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။




ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းများအနေဖြင့် ပြိုင်ပွဲအမျိုးအစား လေးမျိုးတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး Men Team Regu ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု (A)၌ ဖိလစ်ပိုင်အသင်း၊ စင်ကာပူအသင်း၊ မလေးရှားအသင်းတို့နှင့်လည်းကောင်း၊ Women Team Reguပြိုင်ပွဲ အမျိုးအစားတွင် မြန်မာအမျိုးသမီး အသင်းသည် အုပ်စု (B)၌ မလေးရှားအသင်း၊ အင်ဒိုနီးရှားအသင်း၊ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

အလားတူ Men Quadrant ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းသည် အုပ်စု (A)၌ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောလက်စ်တေနှင့် ထိုင်းအသင်း၊ Women Quadrant ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စု (B)၌ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းအသင်း၊ Mix Quadrant ပြိုင်ပွဲတွင် အုပ်စု (B)၌ ဗီယက်နမ်၊ မလေးရှားနှင့် လာအိုအသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

ဆက်လက်ပြီး မြန်မာအသင်းများသည် Men Hoop ပြိုင်ပွဲတွင် ထိုင်း၊တီမောလက်စ်တေ၊ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့်ကမ္ဘောဒီးယားအသင်းတို့နှင့်လည်းကောင်း၊ Women Hoopပြိုင်ပွဲတွင် ထိုင်း၊ ကမ္ဘောဒီးယား၊ဖိလစ်ပိုင်နှင့်လာအိုအသင်းတို့နှင့် ကျရောက်လျက်ရှိနေကြောင်း သိရသည်။

**STA**

# နေ့စဉ်ဘဝတွင် ချမ်းသာပျော်ရွှင်မှုကိုရှာဖွေ

နေလင်းသူ

လူသားတို့နေထိုင်ရာ ကမ္ဘာကြီးသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအစရှိသည်တို့ အမြဲတမ်းဖြစ်ပျက်၊ ပြောင်းလဲနေပြီး စိန်ခေါ်မှုများ၊ ဖိအားများနှင့် ပြည့်နှက်နေတတ်သည်။ ထိုသို့သော အခြေအနေများတွင် နေ့စဉ်ဘဝ၏ သေးငယ်သော အခိုက်အတန့်များမှ ချမ်းသာပျော်ရွှင်ခြင်းကို ရှာဖွေတွေ့ရှိနိုင်ခြင်းသည် စိတ်၏ငြိမ်းချမ်းမှုနှင့် ဘဝ၏အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့် အဖိုးတန်သော အရည်အချင်းတစ်ခုပင်ဖြစ်သည်။ ချမ်းသာပျော်ရွှင်ခြင်းသည် ကြီးမားသော အောင်မြင်မှုများ သို့မဟုတ် ပစ္စည်းဥစ္စာများအပေါ်တွင်သာ မူတည်နေသည်မဟုတ်ဘဲ လူသားတို့၏ အတွေးအခေါ်၊ ခံယူချက်နှင့် နေ့စဉ်ပြုမူနေထိုင်ပုံများအပေါ်တွင် များစွာမူတည်နေသည်။ လူသားတို့သည် နေ့စဉ်ဘဝထဲမှ ပျော်ရွှင်မှုကို ရှာဖွေရန်အတွက် မှန်ကန်သော ဘဝအမြင်ရှိရန်လိုအပ်သည်။ မှန်ကန်သောဘဝအမြင်မှာ အသက်ရှင်ခြင်းနှင့် သေခြင်းကြားမှ အခိုက်အတန့်အတွင်း နှလုံးသွင်းမှုပင်ဖြစ်သည်။

လူသားတို့သည် များသောအားဖြင့် လက်ရှိအခြေအနေကို အကောင်းမြင်သည့်စိတ်ထားဖြင့် ပြုမူနေထိုင်ခံစားခြင်းမရှိကြသည်ကို တွေ့မြင်နိုင်သည်။ နောင်ဖြစ်မည့်အရေးကိုတွေး၍ အိပ်မက်မက်ကာပျော်ချင်ကြသည်။ သို့သော် နောင်အိပ်မက်မှာ အချိန်တန်လျှင် ပျက်ပြား၍ ထင်တိုင်းမပေါက်ဖြစ်တတ်ကြသည်။ လက်ရှိအခြေအနေသည် ဆင်ခြင်တုံတရားနှင့် ဝေဖန်ပိုင်းခြားသုံးသပ်ကြည့်လျှင် ပျော်ရွှင်စရာအကောင်းဆုံးအချိန်ဖြစ်သည်။

သတ္တဝါ၊ အရာဝတ္ထုအားလုံးတို့သည် နေ့စဉ်နှင့်အမျှပြောင်းလဲလျက်ရှိသည်။ လက်ရှိအချိန် ပစ္စုပ္ပန်ကာလသည်သာလျှင် လက်ဆုပ်လက်ကိုင် ပြုနိုင်သည့် အရာဖြစ်သည်။ "မနက်ဖြန်အတွက် စဉ်းစားပါ။ သို့သော် မနက်ဖြန်အတွက် ကြို၍ မပူပန်ပါနှင့်။ မနက်ဖြန်အတွက် ကြိုတင်ပြင်ဆင်မှုပြုပါ။ သို့သော် မနက်ဖြန်ဘာများဖြစ်မလဲဟု တွေးတောကြောင့်ကြခြင်းမရှိပါနှင့်"ဟု မှတ်သားဖူးသည်။ ထို့ကြောင့် ယနေ့ယခု နေထိုင်နေရသည့် အခြေအနေ (ပျော်ရွှင်မှု၊ အခက်အခဲ၊ ဘဝပြဿနာများ)၏ အရသာကို ရင်ဆိုင်ဖြေရှင်းခံစားခြင်းမပြုဘဲ မရေရာမသေချာသည့် နောင်ရေးပြဿနာကို အချိန်ကုန်ခံ၍ တွေးတောကြောင့်ကြနေခြင်းသည် မပြုလုပ်သင့်သည့်အရာများသာဖြစ်သည်။ လက်ရှိ ပစ္စုပ္ပန်အခြေအနေကို မှန်မှန်ကန်ကန်ရှုမြင်၍ အကောင်းအဆိုးကို အပြည့်အဝခံစားနိုင်ခြင်း၊ ရင်ဆိုင်ဖြေရှင်းနိုင်ခြင်းသည် စစ်မှန်သော ပျော်ရွှင်မှု၏ လမ်းစဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုခံစားခြင်း၊ ခရီးထွက်ခြင်းသည် ပစ္စုပ္ပန်၏ငြိမ်းချမ်းမှုကို ခံစားစေနိုင်ပြီး နေ့စဉ်ပျော်ရွှင်မှုကို ရရှိစေမည်ဖြစ်သည်။

လူသားတို့သည် လုပ်ငန်းခွင်တွင် အနားမရခြင်း၊ ဖိအားများခြင်း၊ အသိအမှတ်ပြုမခံရခြင်း၊ ဆက်ဆံရေးခက်ခဲခြင်း၊ ဘဝအာမခံချက်မရှိခြင်းများကြောင့်လည်း စိုးရိမ်ပူပန်၍ သောကဖြစ်နေကြသည်။ လုပ်ငန်းခွင်တွင် ပျော်ရွှင်မှုမရခြင်းသည် ပြင်ပပတ်ဝန်းကျင်အခြေအနေများထက် မိမိ၏ စိတ်နေစိတ်ထားနှင့် အပြုအမူပေါ်တွင် မူတည်နေသည်ကို သတိထားမိသူနည်းပါးသည်။ မောပန်းခြင်း၏ အဓိကအကြောင်းရင်းမှာ ငြီးငွေ့ခြင်းပင်ဖြစ်သည်။ လုပ်ငန်းခွင်ရောက်ချိန်တွင် ခေါင်းကိုက်ခြင်း၊ အကြောများတောင့်တင်းလာခြင်း၊ နွမ်းနယ်ခြင်းများကြောင့် အစာစားချင်စိတ်ပင် မရှိခြင်းမျိုးဖြစ်တတ်သည်။ ထိုအချိန်တွင် သူငယ်ချင်း၊ ချစ်သူခင်သူတစ်ဦးတစ်ယောက်က လာခေါ်၍ တစ်နေရာရာသို့ တစ်ခုခုသွားစားမည်ဆိုပါလျှင် စိတ်လက်ပေါ့ပါးတက်ကြွလာတတ်သည်။ ဘယ်သွားသွား၊ ဘာလုပ်လုပ် မမောပန်းချေ။ စိတ်ရွှင်မြူးလွန်းသဖြင့် အိပ်၍ပင်မပျော်၊ ပြော၍ပင်မဝ ဖြစ်တတ်သည်။ ထို့ကြောင့် လူသားတို့သည် နေ့စဉ်ဘဝတွင် သော်လည်းကောင်း၊ လုပ်ငန်းခွင်တွင်သော်လည်းကောင်း ကိုယ်လက်ပင်ပန်းခြင်းထက် စိတ်ပင်ပန်းခြင်းကြောင့် ငြီးငွေ့မောပန်းခြင်း စိတ်ပျက်အားလျော့ခြင်းကပိုများသည်။

လူသားတို့သည် အတိတ်မှအဖြစ်အပျက်များကို ပြန်လည်တွေးတောခြင်း သို့မဟုတ် အနာဂတ်အတွက် စိုးရိမ်ပူပန်ခြင်းများဖြင့်လည်း အချိန်ကုန်နေတတ်သည်။ အတိတ်မှအမှားများ၊ နောင်တရစရာများကို ပြုပြင်ရန်ကြိုးစား၍ မရမည့်အတူတူ သင်ခန်းစာယူပြီး ပစ္စုပ္ပန်တွင် ပိုမိုကောင်းမွန်စွာ နေထိုင်သင့်သည်။ ထိုသို့ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အရာများ၊ ဖြစ်လာနိုင်သည်ဟု တွေးတောထားသည့်အရာများသည် အခြေအနေ၊ အချိန်အခါအရပြောင်းလဲသွားနိုင်ပြီး မိမိတို့ ထိန်းချုပ်၍မရမည့်အတူတူ စိုးရိမ်ပူပန်နေခြင်းသည် လက်ရှိ ပျော်ရွှင်နေထိုင်နိုင်မှုကို ပျက်စီးစေနိုင်သည်။

ထို့ကြောင့် နေ့စဉ်ဘဝ၌ ချမ်းသာပျော်ရွှင်မှုဟူသည် လောကဓံဟုခေါ်သည့် ဘဝ၏အတက်၊ အကျများကြားထဲတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ရင်ဆိုင်ဖြေရှင်းခံစားနိုင်သည့် အခြေအနေတစ်ခုပင်ဖြစ်သည်။ ရောင့်ရဲတင်းတိမ်မှုသည် ပျော်ရွှင်မှု၏ အခြေခံအကျဆုံးအရာတစ်ခုပင်ဖြစ်သည်။ ရောင့်ရဲတင်းတိမ်ခြင်းသည် လိုချင်မှု၊ ဖြစ်ချင်မှု မရှိတော့သည့် ဆန္ဒ၊ မျှော်လင့်ချက်များကို ဆိုလိုခြင်းမဟုတ်ဘဲ မိမိမှာရှိနှင့်ပြီးသား အရာများနှင့် မိမိ၏လက်ရှိ အခြေအနေပေါ်တွင် ကျေနပ်တန်ဖိုးထားတတ်ခြင်းကို ဆိုလိုခြင်းပင်ဖြစ်သည်။ လူသားတို့အနေဖြင့် အမြဲတမ်းပိုကောင်းသည့် အရာတစ်ခုခုနောက်သို့ လိုက်လံတောင့်တနေသည့် ဆန္ဒမျှော်လင့်ချက်သည် မိမိ၏စိတ်ကိုပို၍ပင်ပန်းစေပြီး ပျော်ရွှင်မှုကိုလည်း ပို၍ဝေးကွာစေသည်။ မိမိ၏တန်ဖိုးထားမှုများနှင့်အတူ ရည်ရွယ်ချက်တစ်ခုခုထားပြီး ရှင်သန်ခြင်း၊ မိမိ၏လုပ်ဆောင်ချက်များသည် အဓိပ္ပာယ်ရှိသည်ဟု ခံစားရခြင်းသည်လည်း ဘဝကို ပြည့်စုံစေပြီး နက်ရှိုင်းသည့် ပျော်ရွှင်မှုကိုပေးစွမ်းနိုင်သည်။

ထို့အတူ လူသားတို့သည် တစ်ဦးနှင့်တစ်ဦး မှီခိုရှင်သန်နေရသည့် သတ္တဝါများဖြစ်၍ ချမ်းသာပျော်ရွှင်မှု၏ နောက်ထပ်အရင်းအမြစ်တစ်ခုသည် ပေါင်းသင်းဆက်ဆံရေးဖြစ်သည်။ မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် နွေးထွေးခိုင်မာသည့် ဆက်ဆံရေးရှိခြင်း၊ သူတစ်ပါး သို့မဟုတ် ပတ်ဝန်းကျင်ကို မေတ္တာထားနိုင်ခြင်း၊ သူတစ်ပါး၏ မေတ္တာကို ခံစားရခြင်းများသည်လည်း ချမ်းသာပျော်ရွှင်မှု၏ မရှိမဖြစ်လိုအပ်သည့်အရာများပင်ဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးသည် ပတ်ဝန်းကျင်အခြေအနေထက် မိမိ၏ စိတ်နေစိတ်ထားပေါ်တွင်လည်း များစွာမူတည်နေသည်။

> ❖ လူသားတို့သည် ဘဝတစ်ခုကိုပိုင်ဆိုင်ပြီး အရွယ်ရောက်လာသည်နှင့်တစ်ပြိုင်နက် ချမ်းသာပျော်ရွှင်မှုကို ရှာဖွေကြသည်။ ရှာဖွေ၍ရသည်လည်းရှိသည်။ မရသည့်အခါလည်းရှိသည်။ မရသေးလျှင် ရအောင်ထပ်မံရှာဖွေပြန်သည်။ အကယ်၍ မရခဲ့လျှင်လည်း ရလိမ့်နိုးနိုးဖြင့် ထပ်၍ထပ်၍ ကြိုးစားရှာဖွေကြသည်။ ထိုသို့ ရှာဖွေခြင်းသည်ပင် လူသားတို့၏ဘဝဖြစ်သည်။ လူသားတို့သည် ချမ်းသာခြင်းကိုရှာဖွေ၍ ချမ်းသာခြင်းကိုရလာသည့်အခါ ချမ်းသာခြင်းကို သန့်သန့်ရသည်မဟုတ်၊ ဒုက္ခနှင့်တွဲ၍ ရသည်သာဖြစ်သည်။ ဤသည်မှာ လောကဓံတရားရှစ်ပါး၏ သဘာဝဖြစ်သည်။❖

လူသားတို့သည် ဘဝတစ်ခုကိုပိုင်ဆိုင်ပြီး အရွယ်ရောက်လာသည်နှင့်တစ်ပြိုင်နက် ချမ်းသာပျော်ရွှင်မှုကို ရှာဖွေကြသည်။ ရှာဖွေ၍ ရသည်လည်းရှိသည်။ မရသည့်အခါလည်းရှိသည်။ မရသေးလျှင် ရအောင်ထပ်မံရှာဖွေပြန်သည်။ အကယ်၍ မရခဲ့လျှင်လည်း ရလိမ့်နိုးနိုးဖြင့် ထပ်၍ထပ်၍ ကြိုးစားရှာဖွေကြသည်။ ထိုသို့ရှာဖွေခြင်းသည်ပင် လူသားတို့၏ ဘဝဖြစ်သည်။ လူသားတို့သည် ချမ်းသာခြင်းကိုရှာဖွေ၍ ချမ်းသာခြင်းကိုရလာသည့်အခါ ချမ်းသာခြင်းကို သန့်သန့်ရသည်မဟုတ်၊ ဒုက္ခနှင့်တွဲ၍ ရသည်သာဖြစ်သည်။ ဤသည်မှာ လောကဓံတရားရှစ်ပါး၏ သဘာဝဖြစ်သည်။ ဆင်းရဲခြင်းကို ခံစားဖူးလျှင် ချမ်းသာခြင်းကို နားလည်သည်။ ချမ်းသာခြင်းကို ခံစားဖူးလျှင် ဆင်းရဲခြင်းကို နားလည်သည်။ ထို့ကြောင့် ချမ်းသာခြင်း၏ နောက်ကွယ်၌ ဆင်းရဲခြင်း၊ ဆင်းရဲခြင်း၏နောက်ကွယ်၌ ချမ်းသာခြင်းရှိသည်။ ၎င်းမှာ လောကဓမ္မတာပင်ဖြစ်သည်။

ချမ်းသာခြင်းနှင့်ပတ်သက်၍ လေးမျိုးရှိကြောင်း မှတ်သားဖူးသည်။ (၁) အတ္ထိသုခ။ လူသားတို့သည် မိမိတို့နေထိုင်ရာ လူမှုဘဝတွင် လိုအပ်သည့် အရာမှန်သမျှ ပြည့်ပြည့်စုံစုံရှိနေခြင်းကို အကြောင်းပြု၍ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းကို ဖြစ်ပေါ်စေသည်။ ထိုသို့ချမ်းသာခြင်းမျိုးကို "အတ္ထိသုခ" ဟုခေါ်သည်။ "အတ္ထိသုခ" ဟူသည် ရှိနေစဉ် ချမ်းသာခြင်းဖြစ်ပြီး မရှိသည့်အခါ ချမ်းသာသုခ ဆုံးရှုံးသွားနိုင်သဖြင့် တည်မြဲသည့်ချမ်းသာမဟုတ်ကြောင်း မှတ်သားဖူးသည်။ (၂) ဘောဂသုခ။ အသုံးပြု၍ ဖြစ်ပေါ်လာသည့်ချမ်းသာကို "ဘောဂသုခ" ဟုခေါ်သည်။ တိုက်ရှိသဖြင့် တိုက်ဖြင့်နေရသည့်အခါ၊ ကားရှိသဖြင့် ကားဖြင့် သွားလာနေရသည့်အခါ မိမိလိုအင်ဆန္ဒများကို ဖြည့်ဆည်းပြီး အသုံးပြုခြင်းဖြင့် ရရှိလာသည့် စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းကို "ဘောဂသုခ"ဟုခေါ်ခြင်းဖြစ်သည်။ (၃) အာနဏ်သုခ။ လူတိုင်းလူတိုင်းသည် အဆင်မပြေသည့်အခါ သို့မဟုတ် စီးပွားရေးတိုးချဲ့သည့်အခါ အကြွေးတင်နေတတ်သည်။ အကြွေးရှိနေသည့် ပုဂ္ဂိုလ်တို့သည် အမြဲစိတ်ပူပင်နေရတတ်သည်။ ကြွေးမြီကင်းသည်ကို စဉ်းစားဆင်ခြင်မိ၍ ချမ်းသာခြင်းမျိုးကို "အာနဏ်သုခ" ဟုခေါ်သည်။ (၄) အနဝဇ္ဇသုခ။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုအစရှိသည့် ပြစ်မှုတစ်ခုခုမျှ ကျူးလွန်ခြင်းမရှိသည့် ချမ်းသာခြင်းမျိုးဖြစ်သည်။ အပြစ်ကင်းပျော်ရွှင်ရသည့် ချမ်းသာခြင်းသည် အကောင်းဆုံးသော ချမ်းသားခြင်းမျိုးဖြစ်ပြီး လူတိုင်းရနိုင်ခြင်းမရှိကြောင်း မှတ်သားဖူးသည်။

ထို့ပြင် လူသားတို့သည် ဥာတိဗျသန - ဆွေမျိုးပျက်စီးခြင်း၊ ရောဂါဗျသန - မကျန်းမမာ အနာရောဂါဖြစ်ပွားခြင်း၊ ဘောဂဗျသန - စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ ဒိဋ္ဌိဗျသန - အယူမှားကိုယူခြင်း၊ သီလဗျသန - အကျင့်သီလပျက်စီးခြင်း စသည့် ဗျသနတရားငါးပါးနှင့် ကြုံတွေ့ရသည့်အခါတွင်လည်း စိုးရိမ်သောကရောက်ကြရသည်။ ထိုအခြေအနေနှင့်ကြုံတွေ့လျှင် ပစ္စုပ္ပန်ကို တည့်တည့်ရှု၍ သတိပဋ္ဌာန်တရားကို ကျင့်ကြံပွားများအားထုတ်ရန် လိုအပ်ကြောင်း ဗုဒ္ဓ၏တရားတော်များထဲတွင် လမ်းညွှန်မှာကြားထားသည်။ သတိပဋ္ဌာန်တရား ကျင့်ကြံပွားများခြင်းဖြင့် လူနတ်ဗြဟ္မာသတ္တဝါတို့သည် မိမိတို့၏စိတ်ဝယ် ကိလေသာအညစ်အကြေးကို သန့်ရှင်းစင်ကြယ်စေခြင်း၊ စိုးရိမ်ပူဆွေးခြင်းနှင့် ငိုကြွေးမြည်တမ်းခြင်းတို့မှ လွန်မြောက်စေခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းမှ လွန်မြောက်စေခြင်း၊ လေးပါးသော အရိယာမဂ်ဉာဏ်တို့ကို သိရှိစေခြင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူသားတို့သည် သတိပဋ္ဌာန်တရားကို နေ့စဉ်ကျင့်ကြံပွားများ အားထုတ်သင့်ကြောင်း မှတ်သားဖူးသည်။

လူသားတို့အနေဖြင့် မိမိတို့၏ နေ့စဉ်ဘဝတွင် ချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ရန်၊ ချမ်းသာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရန်သည် လူသားအားလုံး၏ ဆန္ဒပင်ဖြစ်သည်။ ချမ်းသာပျော်ရွှင်စွာ နေထိုင်နိုင်ခြင်းသည် ငွေကြေးချမ်းသာမှု တစ်ခုတည်းကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပတ်ဝန်းကျင်လူမှုဆက်ဆံရေး ကောင်းမွန်ခြင်း စသည့်အရာအားလုံးအပေါ်တွင် ဟန်ချက်ညီညီရှိနေသည့် အခြေအနေတစ်ရပ်ကို ဆိုလိုခြင်းပင်ဖြစ်သည်။ ချမ်းသာပျော်ရွှင်ခြင်းသည် ပန်းတိုင်တစ်ခုမဟုတ်ဘဲ၊ မိမိတို့၏ နေ့စဉ်ဘဝတွင် မိမိတို့၏ အတွေးအခေါ်၊ ခံယူချက်၊ လုပ်ဆောင်ချက်များမှတစ်ဆင့် ဖန်တီးယူရသည့် ခရီးစဉ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် လောကတွင် ကောင်းသော၊ ဆိုးသောအခြေအနေများနှင့် ကြုံတွေ့ရချိန်တွင် စိတ်ပျက်ခြင်း၊ တပ်မက်ခြင်းမရှိဘဲ ကောင်းဒဏ်၊ ဆိုးဒဏ်နှစ်ခုစလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်သူ၊ ခံနိုင်ရည်ရှိသည့်သူများဖြစ်အောင် မိမိတို့သိရှိထားသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နည်းလမ်းများအတိုင်း လိုက်နာကျင့်ကြံကြရန် ကြိုးစားအားထုတ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

**- တရားတော်များ**

# အောက်တိုဘာ ၂၄ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် အတူး ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်



**ရန်ကုန် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၂၄ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် အတူး ရုပ်ရှင်ဇာတ်ကား Premiere Show ကို အောက်တိုဘာ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Kan- tharyar Migalar Cinema တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းလွင်ထက်ထံမှ သိရသည်။

အဆိုပါ အတူး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဝင်းလွင်ထက်က ခံစားရေးဖွဲ့ထားပြီး ဒီဒီထက်အောင်က ဇာတ်ညွှန်း ရေးသားပေးထားကာ Toe Tat film Production အတွက် ရှမ်းပြည်နယ် ဘော်ဆိုင်းမြို့၏ ရှုခင်း အလှအပများကြားတွင် ဒါရိုက်တာဝင်းလွင်ထက်က ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"အတူးကတော့ ကျွန်တော် ရိုက်ချင်တဲ့ ကားတစ်ကားထဲမှာ ပါတယ်။ ကျွန်တော် ကံကောင်း ရိုက်တဲ့အချိန်မှာ Location ကြည့်လိုက်တော့ ဟဲဟိုးကနေ ၄၅ မိနစ်လောက် ဆက်သွားရင် ဘော်ဆိုင်းဆိုတဲ့ မြို့လေးရှိတယ်။ မင်းတုန်းမင်းလက်ထက်က ဘုန်းကြီးကျောင်းရှိတာမို့ သဘောကျပြီး ဇာတ်ကားတစ်ကားရိုက်ချင်စိတ်ဖြစ်လာခဲ့တာပါ။ အတူးက ဟာသတွေပဲ ပါတာမဟုတ်ဘဲ ဒရာမာပိုင်းနဲ့လဲ ထည့်ထားတဲ့ ကားလေးပါ။ ပရိသတ်အကြိုက် တွေ့စေမှာပါ" ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အတူး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ရန်အောင်၊ ကေညီ၊ ဂျိုကာ၊ ကျော်ထူး၊ ဇော်ဝင်းနိုင်(မန်း)၊ ဥဩ၊ ပိုးမမီသာ၊ စနိုးကြည်ဖြူ၊ ဇီးရတနာပွင့်၊ အင်ကြင်းဖူး၊ ချောဆင့်သူ၊ သဲနဒီစံနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်တို့၏ တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Yangon Social F& B, Music, Kids Playground တွင် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်တို့၏ Perfect Harmony Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F& B, Music, Kids Playground ၌ နိုဝင်ဘာ ၇ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်တို့၏ Perfect Harmony Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဆောင်းဦးကို ကြိုရင်း အသက်သွင်းဖို့ လာမဲ့ နိုဝင်ဘာ ဆောင်း အငွေ့အသက်တွေကို ၇ ရက် ညမှာ Yangon Social




မှာ Daily Gita Band နဲ့အတူ တေးသီချင်းကောင်း များစွာနဲ့ ဖျော်ဖြေတင်ဆက်ဖို့ ရှိပါတယ်။ ဆောင်းနဲ့အလိုက်ဖက်ဆုံး အချစ်၊ အလွမ်းတေးသီချင်းကောင်းများစွာကို နားဆင်ခံစားဖို့ လာရောက်ခဲ့ပါအုံးလို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောပြသည်။

တေးသံရှင် ဖြိုးပြည့်စုံ၊ ဂျူဝယ်တို့၏ Perfect Harmony Night တေးဂီတဖျော်ဖြေပွဲကို Yangon Social F& B, Music, Kids Playground ၌ နိုဝင်ဘာ ၇ ရက် ည ၇ နာရီမှ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံက ပြောပြ၍ သိရသည်။

ASH

# ရင်း ဇာတ်လမ်းတွဲကို Hey Play Application နှင့် Hey Play YouTube Channel တို့မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရင်း ဇာတ်လမ်းတွဲကို Hey Play Application နှင့် Hey Play YouTube Channel တို့မှ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရင်း ဇာတ်လမ်းတွဲကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ရဲရင့်သစ္စာထံမှ သိရသည်။

အဆိုပါ ရင်း ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မောင်သစ္စာ၊ ရန်နိုင်ထွန်းတို့က ရေးသားထားကြပြီး ဇမ္ဗူမင်း Entertainment အတွက် ဒါရိုက်တာ ရဲရင့်သစ္စာက တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် လျှို့ဝှက်သည်းဖို ဒရာမာဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက သည်းထိတ်ရင်ဖို ဇာတ်လမ်းတွေကိုမှ ကြိုက်နှစ်သက်တဲ့ HEY Play ပရိသတ်ကြီးတို့အတွက် လျှို့ဝှက်ဆန်းကြယ်မှုများစွာနဲ့ ရင်တထိတ်ထိတ်နဲ့ ကြည့်ရှုရမဲ့ ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ အချစ်၊ အလွမ်း၊ မှုခင်းသည်းထိတ်ရင်ဖို လျှို့ဝှက်ဆန်းကြယ် ရသစုံပေးမဲ့ ဇာတ်လမ်းတွဲမို့ စောင့်မျှော်အားပေးကြပါအုံးလို့ပြောချင်ပါတယ် " ဟု ဒါရိုက်တာ ရဲရင့်သစ္စာက ပြောပြသည်။

ရင်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းဘုန်းမြတ်၊ မင်းတော်ဝင်၊ ကျော်ဇင်မင်းမြတ်၊ ကျော်ဇင်ထွဋ်၊ မော်ကွန်းသစ်၊ ထူးမြတ်ပိုင်၊ Albert ပိုင်၊ ဇော်ဝင်းမောင်၊ ဆက်ထူးသစ်၊ လင်းမြတ်၊ ဆုထက်ထက်ကျော်၊ ဩမြတ်ခင်၊ မေခွန်အား၊ မေရီမောင်၊ ယွန်းဝတီလှိုင်၊ AD ဦး၊ IV နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း ဒါရိုက်တာ ရဲရင့်သစ္စာက ပြောပြ၍ သိရသည်။

ASH

# The Jetsons ဇာတ်ကား၌ မင်းသား ဂျင်းကာရေး ပါဝင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၁**

ဝါနာဘရားသားကုမ္ပဏီ၏ The Jetsons ဇာတ်ကားတွင် မင်းသား ဂျင်းကာရေးပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် The Jetsons ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ဂျင်းကာရေးနှင့် ဝါနာဘရားသားကုမ္ပဏီတို့ ဆွေးနွေးနေကြကြောင်း သိရသည်။

The Jetsons ဇာတ်ကားကို ဒါရိုက်တာ ကောလင်းထရီဗားရိုး က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း ထင်ရှားခဲ့သော The Jetsons ကာတွန်းဇာတ်ကားများကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည် ရိုက်ကူးမည့်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

The Jetsons ဇာတ်ကား အတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ကောလင်းထရီဗားရိုးနှင့် ဇာတ်ညွှန်းရေးဆရာ ဂျိုးအက်စတိန်းတို့က တာဝန်ယူရေးသားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါ ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Netflix ၏ အချစ်ဒရာမာဇာတ်ကားသစ်၌ နီယာလောင်းနှင့်လာရန့်တာတီတို့ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၁**

Netflix ကုမ္ပဏီ၏ အချစ်ဒရာမာ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး နီယာလောင်းနှင့် မင်းသား လာရန့်တာတီတို့ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများအရ သိရသည်။

မင်းသမီး နီယာလောင်းနှင့် မင်းသား လာရန့်တာတီတို့သည် New Line ရုပ်ရှင်၏ Love Jones ဇာတ်ကားနှင့် Lionsgate ၏ Michael ဇာတ်ကားတို့၌ အတူ သရုပ်ဆောင်ခဲ့သူများဖြစ်သည်။

ယခုလည်း Netflix ကုမ္ပဏီ၏ အချစ်ဒရာမာ ဇာတ်ကားသစ်တွင် နီယာလောင်းနှင့် လာရန့်တာတီတို့ ထပ်မံလက်တွဲပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသော အထက်ပါ ရုပ်ရှင်ဇာတ်ကားကို Sylvie's Love ဒါရိုက်တာ ယူဂျင်းအေ့ရှ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကေးအိုယီဂန်က တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets students of the five-year education degree course No 7 of the University for Development of National Races



Senior General Min Aung Hlaing meets students of the five-year education degree course No 7 of the University for Development of National Races.

**Nay Pyi Taw October 21**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing met students of the five-year education degree course No 7 of the University for Development of National Races at MICC-1 in Nay Pyi Taw this morning.

Also present were SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC member Executive Chief U Aung Lin Dway, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC members, union ministers and union level officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander deputy ministers, and officials, the rector, faculty members and students of UDNR.

In his address, the Senior General said with the aim of nurturing and generating good education staff who will prioritize national solidarity and development of national races, the

The state set up the Academy for Development of National Races on 20 October 1964. The State turned the ADNR into UDNR on 10 May 1991, and upgraded its curriculum to enable nationality youths from border areas to pursue advanced education.

The UDNR has brought about 14,514 teachers to this date. Students of the No 7th course will complete their course soon, and will serve as teachers. The Senior General said he would tell them the points they should know and the rules they must follow.

Abundance of intellectual resources is the cornerstone of national development. Normally, a country will be planning towards building a prosperous future with educated persons imbued with intellectual and technology knowledge, and at the same time, it will be striving for the development of an all-round education system, full of quality. Because of the weaknesses in the education sector, some areas of Myanmar lagged behind development. Hence, the National Defence and Security Council adopted an objective, "To strengthen sustainable development of the State by giving priority to the advancement of the national education and health sectors" and is striving to develop the education sector on a national scale.

A teacher is a person who shows the way to spread love among humans, a person who beautifies the life of students and the world, and a person who drives away sorrows. So, teachers are referred to as the leaders of the society and second parents. In this regard, the students of the No 7th course must educate their pupils and change their mindset, while teaching them to have sympathy towards mankind, and the will to prioritize the majority's interest over self-interest. They must guide the students till the Myanmar mentality, "Respect the elders, show empathetic for the peers, and have compassion for the younger ones", is instilled into their heart.

The students of the No 7th course must teach them to have the ability to distinguish between right and wrong, and truly understand the cause and effects. The future of students depends on the educational qualification and goodwill of their teachers. Hence, the students of the No 7th course must be imbued with the seven virtues of a teacher, which are, having an honor worthy of respect, love and admiration and the courage to correct their students at the risk of receiving hate, and the ability to answer all questions, to lecture serious matters, and show the areas with advantages, instead of the ones with disadvantages. Moreover, they must train the students with goodwill, enthusiasm, scarifying spirit and compassion, so that students will become educated and kindhearted persons.

They must join hands with parents and local organizations for all school aged children to attend classes. They must strive to lessen the number of dropouts and maintain the number of students attending classes. They must train the students to be truly educated, to be able to distinguish between right and wrong, and to be intelligent.

Schools should be venues that provide not only teaching and learning but also the essence of education such as intellectual knowledge, thinking skills, critical thinking, civic and social ethics are taught. In accordance with the motto "National discipline starts in schools," teachers are required to instill students with good habits of citizens to abide by laws, rules and regulations starting from school disciplines.

As our country is a union made up of various national races, national unity of all national races is as important as life for stability of the country and perpetuation of sovereignty and is a great driving force for development of the country. To assert stability and the rule of law, entire people of national races are required to work together in unison.

Taking a glimpse at the affairs of the world including our country, it can be seen that unity among all citizens residing in the country and unity between the entire people and the Tatmadaw must be built without fail. Unity consolidates the strength of the nation and contributes to development and prosperity of the country. In accordance with the saying "The strength of the nation lies within the state," the nation must be built with internal strength.

Therefore, you, national races are required to work together for the stability and prosperity of the country by nurturing the Myanmar spirit in oneself and national solidarity spirit and to cultivate students by instilling them with positive, cooperative and united mindsets and mindsets to help.

As safeguarding the independence and sovereignty of the country is the birth responsibility of all citizens of the union, all citizens are required to safeguard the country out of union spirit in unison. It is believed that you all uphold union spirit, which is as important as lifeblood, while studying together at the alma mater. Therefore, as graduates of the development university, you all are urged to mobilize national races people in regions where you are assigned duties to be united among national races by keeping union spirit alive.

As you are offspring nurtured by the State, you all are urged solemnly to cooperate with the State in national political duty of stability and development based on "Our Three Main National Causes" such as non-disintegration of the union, non-disintegration of national unity and perpetuation of sovereignty.

To build the union based on democracy and federalism aspired by the entire national races people, successfully holding a free and fair election is important. Measures are being taken to enable all eligible voters to cast their votes, to hold a free and fair multi-party democracy general election genuinely aspired by the people and to make it a prestigious one. Therefore, you all are urged to play your role in the process for successfully holding a free and fair election within the designated period.

*See Page 13*


Senior General Min Aung Hlaing greets UDNR students individually.

*From Page 12*

You all are urged to train your students to be physically strong, knowledgeable, upright, socially adept and economically empowered young individuals, whom can be relied upon by the State, to foster new generation students who will shape the future of the State to be people with good convictions, altitudes, the love for the country and patriotism, to cooperate with the government for stability and socioeconomic development necessary for the country, and to mobilize national races people to possess sound foundations of union spirit and national unity by upholding "Our Three Main National Causes," for the integrity of the union, and it is my wish that you all be treasure of the country who will perform duties energetically in terms of physical and intellectual capabilities to nurture an educated generation and to establish a developed country.

Then, Kayin national Sa Kyaw Zeyar Phyo of Kangyidaunt Township in Ayeyarwady Region spoke words of thanks to the Senior General on behalf of the students from 5-year education degree course intake 7 of the university.

Afterward, the Senior General accepted a commemorative gift presented by two students. Then, the Senior General and attendees posed for documentary photographs with students. Then, the Senior General cordially greeted the students individually.

100

# Kalay Township to grow more than 40,000 acres of winter sunflower this year

**Kalay October 21**

Kalay Township Agriculture Department stated that a plan is underway to grow 48,482 acres of winter sunflower in Kalay Township of Sagaing Region this year.

In the 2025-2026 winter crop season, Kalay Township plans to cultivate 48,482 acres of winter sunflower between October and December this year.

"This year, for the upcoming winter crop season in Kalay Township, more than 48,000 acres of sunflower are planned to be cultivated. Efforts will be made to ensure the targeted acreage is achieved. To help reduce imported palm oil, sunflower will be expanded. Compared with other oil crops such as groundnut and sesame, sunflower produces a higher oil yield per acre. Sunflower is cultivated only during the winter season," said Daw Marn Ewe, Head of the Kalay Township Department of Agriculture.

To promote sunflower cultivation in the township, the Department of Agriculture is accelerating educational courses and capacity-building programmes for staff and farmers. Training sessions will be conducted to strengthen knowledge and skills for sunflower growers.

This year, farmers in Kalay Township who are cultivating sunflower will be provided with quality seeds. Plans have also been made to distribute urea fertilizer at affordable prices. Sunflower varieties will be disseminated through a farmer-to-farmer exchange system to support wider cultivation.

206


A sunflower plantation.

# Sanae Takaichi elected Japan PM, unveils cabinet lineup

**Tokyo October 21**

Sanae Takaichi, leader of Japan's ruling Liberal Democratic Party (LDP), was officially elected the country's prime minister on Tuesday after winning in both houses of parliament, becoming the country's first female leader.

In the House of Representatives vote, Takaichi secured 237 votes, defeating head of the opposition Constitutional Democratic Party Yoshihiko Noda with 149 votes and other rival candidates.

The House of Councillors also held its vote, but no candidate secured a majority in the first round. Takaichi led with 123 votes, followed by Noda with 44.

As a result, an unprecedented runoff for the upper chamber, the first in 13 years, was triggered between Takaichi and Noda, with Takaichi ultimately winning the race.

By winning in both chambers, she was officially named Japan's 104th prime minister, the first woman in the nation to hold the office.

Takaichi was elected LDP president on Oct. 4. The prime ministerial designation vote was originally scheduled for Oct. 15 but was postponed to Oct. 21 as uncertainty following Komeito's withdrawal from its decades-long coalition with the LDP cast doubt on whether Takaichi could secure enough parliamentary support in the PM race.

Xinhua


Sanae Takaichi (C) rises to accept a round of applause after winning the prime ministerial designation vote in the House of Representatives in Tokyo, Japan, Oct. 21, 2025.

# Nuke employees furloughed as U.S. government shutdown nears 3 weeks

**Los Angeles October 21**

U.S. Secretary of Energy Chris Wright said Monday that approximately 1,400 employees with the National Nuclear Security Administration (NNSA) have received furlough notices across the country as the federal government shutdown approached its third week.

"Today is the day our ability to deploy funds to pay those workers ended," Wright said during a press conference at the Nevada National Security Site in North Las Vegas, noting that this marked the first furlough in the NNSA's 25-year history.

The Department of Energy confirmed the figures in a statement, adding that fewer than 400 federal workers remain on duty at the agency.

"This should not happen, but this was as long as we can stretch the funding for the federal workers," Wright said, warning that if the shutdown continued, contractors still on the job could also be furloughed and may begin seeking other employment.

Emphasizing the importance of the agency's mission, Wright said, "The humans working on it are critical. We need to open the federal government as quickly as we can," cautioning that modernization efforts and testing could be delayed due to the shutdown.

Local media reported that the furloughs also impacted some of the more than 3,000 contractors working for the NNSA in Nevada.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် L3Harris ကုမ္ပဏီက တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် GM Defense ကုမ္ပဏီ၏ ISV ယာဉ်ပေါ်တွင် တပ်ဆင်ခဲ့



အမေရိကန်နိုင်ငံ L3Harris ကုမ္ပဏီသည် ၎င်း၏မူပိုင်ဖြစ်သော VAMPIRE တန်ပြန် ဒရုန်းတိုက်ဖျက်ရေးစနစ် (C–UAS)ကို ပြည်တွင်းမှ GM Defense ကုမ္ပဏီ၏ ခြေလျင်တပ်ဖွဲ့သယ်ယူပို့ဆောင်ရေးယာဉ် (Infantry Squad Vehicle–ISV)ပေါ်တွင် တပ်ဆင်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းတပ်ဆင်မှုသည် အသုံးပြုသူများကို အသေးစားဒရုန်းများကို ကာကွယ်ရန်အတွက် ကုန်ကျစရိတ်သက်သာသောယာဉ်တင် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တစ်ရပ်ကို ပိုင်ဆိုင်ထားနိုင်စေမည့်နည်းလမ်းလည်းဖြစ်သည်။

VAMPIRE တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ယာဉ်ကန့်သတ်ချက်မရှိသော၊ ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖွဲ့စည်းတည်ဆောက်ထားသည့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေး၊ ဒုံးကျည်တပ်ဆင်ထားမှုများ၊ အလိုအလျောက်လုပ်ဆောင်နိုင်သည့် မောင်းသူမဲ့လေယာဉ်များကို ထောက်လှမ်းနိုင်၊ ပစ်ချနိုင်သော ကိုယ်ပိုင်ကာကွယ်ရေးစနစ်တစ်ခုပင်ဖြစ်သည်။

၎င်း၏ တပ်ဆင်ပြီးချက်ချင်းအသုံးပြုနိုင်သောဒီဇိုင်းကြောင့် စစ်သည်များကို ယာဉ်အမျိုးအစားမျိုးစုံပေါ်တွင် မိနစ်ပိုင်းအတွင်း တပ်ဆင်နိုင်စေပြီး လျင်မြန်စွာပြောင်းလဲနေသော စစ်မြေပြင်အခြေအနေများတွင် တပ်ဖွဲ့ဝင်များကို ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

L3Harris ၏ ထုတ်ပြန်ချက်အရ ၎င်းစနစ်သည် ၂၀၂၃ ခုနှစ်ကတည်းက အသုံးပြုလျက်ရှိပြီး ဥရောပစစ်ဆင်ရေးများတွင် ရန်သူ့ UAS စနစ်တပ်ဆင်ထားသော ဒရုန်းရာပေါင်းများစွာကို ပစ်ချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

"VAMPIRE စနစ်ကို GM Defense ကုမ္ပဏီရဲ့ သယ်ယူပို့ဆောင်ရေးယာဉ်(ISV)ပေါ်မှာ ဖြန့်ကြက်တပ်ဆင်နိုင်ခဲ့တာဟာ ဒီစနစ်ကို ဘယ်လောက်မြန်မြန်ဆန်ဆန်နဲ့ချောမွေ့စွာအသုံးပြုနိုင်ကြောင်းကို ပြသနေပါတယ်။ ဒါဟာ သေးငယ်ပြီး ဒရုန်းတွေရဲ့ ခြိမ်းခြောက်မှုကို တိုက်ဖျက်ဖို့အတွက် အလွန်ကောင်းမွန်တဲ့ ဥပမာတစ်ခုပါပဲ"ဟု L3Harris ကုမ္ပဏီမှ ပစ်မှတ်ရှာဖွေရေးနှင့် အာရုံခံစနစ်များဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ Tom Kirkland က ပြောကြားခဲ့သည်။

GM Defense ကုမ္ပဏီ၏ ISV ယာဉ်သည် Chevrolet Colorado ZR2 ပစ်ကပ်ထရပ်ကားကို ပုံစံယူထားပြီး ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အနေအထားများတွင် လျင်မြန်စွာဖြန့်ကြက်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းအပေါ့စား၊ လမ်းကြမ်းသုံးယာဉ်သည် မြင်းကောင်ရေ ၂၇၅ အားရှိသော Duramax တာဘို-ဒီဇယ်အင်ဂျင်ကို အသုံးပြုထားပြီး ခြောက်ချက်အော်တိုဂီယာဖြင့် မောင်းနှင်နိုင်မည်ဖြစ်သည်။

၎င်းသည် ပေါင် ၃၂၀၀ ထိရှိသော စက်ပစ္စည်းများကို သယ်ဆောင်နိုင်ပြီး စစ်သည်ကိုးဦးထိ တင်ဆောင်နိုင်သည်။ ISV ယာဉ်ကို UH-60 Black Hawk၊ CH-47 Chinook နှင့် CH-53 Stallion ရဟတ်ယာဉ်များဖြင့် ဆွဲယူနိုင်ခြင်း သို့မဟုတ် C-17 Globemaster III နှင့် C-130 Hercules ကဲ့သို့သော သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးများဖြင့် လေကြောင်းမှ တပ်ဖြန့်ချထားနိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

"ISV ရဲ့ စွယ်စုံသုံးနိုင်စွမ်းဟာ သူ့ရဲ့ အဓိကအားသာချက်တွေထဲက တစ်ခုပါပဲ။ ဒီအောင်မြင်တဲ့ပေါင်းစည်းမှုက ISV ရဲ့ မော်ဂျူးဒီဇိုင်းနဲ့ အလွယ်တကူဝယ်ယူရရှိနိုင်မဲ့ စီးပွားဖြစ်သုံးပစ္စည်းကိရိယာတွေအပေါ်အခြေခံထားတဲ့ ဖွဲ့စည်းမှုမျိုးဟာ မျိုးဆက်သစ်နည်းပညာတွေကို ဘယ်လောက်မြန်မြန်ဆန်ဆန် ပေါင်းစည်းနိုင်လဲဆိုတာကို မီးမောင်းထိုးပြနေပြီး ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးသမားတွေကို လက်ငင်းတန်ဖိုးနဲ့ မြှင့်တင်ထားတဲ့ ကာကွယ်ရေးစနစ်တွေကို ပေးအပ်နိုင်မှာဖြစ်ပါတယ်"ဟု GM Defense ကုမ္ပဏီ၊ အစိုးရဆိုင်ရာဖြေရှင်းနည်းများနှင့် မဟာဗျူဟာဌာန ဒုတိယဥက္ကဋ္ဌ John Johnson က ၎င်းသမိုင်းမှတ်တိုင်အပေါ် မှတ်ချက်ပြုပြောကြားခဲ့သည်။

**L3Harris Installs VAMPIRE Anti-Drone System on GM Defense ISV Platform ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားနိုင်ငံက အဆင့်မြှင့်တင်ထားသော Global 6500 လေယာဉ်ကိုဝယ်ယူရန် အမေရိကန်L3Harris ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့

တောင်ကိုရီးယားနိုင်ငံသည် လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းတာဝန်များအတွက် အဆင့်မြှင့်တင်ထားသော Global 6500 လေယာဉ်ကိုဝယ်ယူရန် အမေရိကန် L3Harris ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆ ဘီလီယံတန်ဖိုးရှိ သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ Global 6500 လေယာဉ်များသည် အမြင့်၊ အကွာအဝေးနှင့် အလျင်နှုန်း ပိုမိုမြင့်မားကောင်းမွန်စွာ ပျံသန်းလုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၏ လေကြောင်းပိုင်နက်စောင့်ကြည့်ထောက်လှမ်းနိုင်မှုနှင့် ခြိမ်းခြောက်မှုများအပေါ် လျင်မြန်စွာတုံ့ပြန်နိုင်စွမ်းကို တိုးတက်ကောင်းမွန်စေလိမ့်မည်ဖြစ်သည်။

လက်တွေ့တိုက်ပွဲဝင်ဖြန့်ကြက်မှုများအတွင်း သက်သေပြထားပြီးဖြစ်သော ၎င်းတို့၏ ရေဒါစနစ်များသည် ဝေဟင်ပစ်မှတ်များကို ထောက်လှမ်းခြေရာခံနိုင်ရန် ကူညီပေးနိုင်လိမ့်မည်ဖြစ်ပြီး ဆက်သွယ်ရေးစနစ်ကမူ အမေရိကန်၊ NATO မဟာမိတ်အဖွဲ့နှင့် အခြားမိတ်ဖက်တပ်ဖွဲ့များနှင့် ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်စေမည်ဖြစ်ပါသည်။

တပ်တော်ဝင်နိုင်မည်ဆိုလျှင် အဆိုပါလေယာဉ်များသည် လက်ရှိ တောင်ကိုရီးယားလေတပ်က အသုံးပြုလျက်ရှိသော Boeing E-7 Wedgetails လေယာဉ်အုပ်တွင် ထပ်ပေါင်းအားဖြည့်ပေးနိုင်မည်ဖြစ်ကာ စောင့်ကြည့်ထောက်လှမ်းရေး၊ လွှမ်းခြုံထားနိုင်မှုများ ပိုမိုမြင့်မားကောင်းမွန်လာစေမည်ဖြစ်သည်။

Global 6500 လေယာဉ်ကို တီထွင်ထုတ်လုပ်သူ Bombardier ကုမ္ပဏီအပြင် အဆိုပါစီမံကိန်းသည် စက်ပစ္စည်းအစိတ်အပိုင်းများအတွက် အစ္စရေးနိုင်ငံ လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်း၊ ELTA ကုမ္ပဏီခွဲနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်မှုများအတွက် Korean Air ကုမ္ပဏီတို့နှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်မည်ဖြစ်သည်။

ပူးပေါင်းမဟာမိတ်အဖွဲ့၏ ပြောကြားချက်အရ ၎င်းအစီအစဉ်သည် အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန်နိုင်ငံ၏ အဓိက မဟာမိတ်နိုင်ငံဖြစ်သော တောင်ကိုရီးယားအတွက် အဆင့်မြှင့်စနစ်များကို ပံ့ပိုးပေးခြင်းလည်းဖြစ်ကြောင်း သိရသည်။

"L3Harris ကုမ္ပဏီရဲ့ ဖြေရှင်းချက်နှင့်အတူ Bombardier Global 6500 လေယာဉ်က တောင်ကိုရီးယားလေတပ်ရဲ့ လေကြောင်းပိုင်နက် နယ်နိမိတ်တွေ ကာကွယ်ရာမှာ ကူညီပေးနိုင်တဲ့အတွက် ကျွန်တော်တို့အထူးပဲ ဝမ်းသာမိပါတယ်။ ပထဝီနိုင်ငံရေးတင်းမာမှုတွေ မြင့်တက်လာချိန်မှာ ဒီလေယာဉ်ဟာ လေကြောင်းကြိုတင်သတိပေးထိန်းချုပ်မှုစွမ်းဆောင်ရည်တွေ တိုးတက်ခေတ်မီအောင်ပြုလုပ်လိုတဲ့ အစိုးရတွေအတွက် အလိုအပ်ဆုံးလုပ်ငန်းစဉ်တွေကို ပံ့ပိုးပေးနိုင်မဲ့ ယုံကြည်စိတ်ချရမှုနှင့်အတူ ပေါ်ထွက်လာခဲ့ပါပြီ"ဟု Bombardier ကုမ္ပဏီ စီအီးအိုနှင့် ဥက္ကဋ္ဌဖြစ်သူ Éric Martel က ပြောကြားခဲ့သည်။



Global 6500 လေယာဉ်ကို Rolls-Royce Pearl အင်ဂျင်များဖြင့် မောင်းနှင်ထားပြီး အများဆုံး အလျင်နှုန်း Mach 0.9၊ အမြင့် ၁၅၅၀၀ မီတာ၊ အကွာအဝေး ကီလိုမီတာ ၁၂၀၀၀ ထိ ပျံသန်းတာဝန်ထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ လေယာဉ်သည် အလျား မီတာ ၃၀၊ တောင်ပံအကျယ် ၂၉ မီတာရှိသည်။ အခြေခံလည်ပတ်အသုံးပြုနိုင်သည့်အလေးချိန်မှာ ခန့်မှန်းခြေ ကီလိုဂရမ် ၂၃၆၀၀ ခန့်ရှိပြီး အများဆုံးသယ်ဆောင်နိုင်သည့်ဝန်မှာ အလေးချိန် ကီလိုဂရမ် ၂၆၀၀၊ ခရီးသည် ၁၇ ဦး တင်ဆောင်နိုင်သည်။ ထို့ပြင် ၎င်းလေယာဉ်သည် GPS ကိုအမှီပြုသည့် အချက်ပြထုတ်လွှင့်မှုများ၊ ဂြိုဟ်တုဆက်သွယ်ရေးနှင့် စွမ်းဆောင်ရည်အခြေပြု လမ်းညွှန်မှုစံနှုန်းများကိုလည်း ပံ့ပိုးလုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**South Korea Orders $2.26B AEW & C Fleet From L3Harris ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၆၁၈၆ ဧကစိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၆၁၈၆ ဧကထိ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန်ကြီးထောင့်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာ ၆၁၈၆ ဧကထိ လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

" ကန်ကြီးထောင့်မြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ဧက ၆၁၀၀ ကျော်ထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်တဲ့ ဆီတွေစားသုံးနိုင်ဖို့နဲ့ ဒေသတွင်း စားဆီလိုအပ်ချက် ဖြည့်ဆည်းဖို့အတွက် ဆီထွက်သီးနှံနေကြာကို စိုက်ပျိုးတာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာကို အခက်အခဲမရှိ စိုက်ပျိုးနိုင်စေရန်၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရန်၊ နေကြာမျိုးစေ့သုံးစွဲမှု မှန်ကန်စေရန်၊ ရေအသုံးချမှု မှန်ကန်စေရန်၊ မြေဆီလွှာပြုပြင်မှုမှန်ကန်စေရန်စသည့် တောင်သူအသိပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်းခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပြည်မြို့နယ် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**ပြည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြောက်နဝင်းရွာသစ်ကျေးရွာအုပ်စု ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေပြည်သာကွက်သစ်ကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ၂၄၀၀၀ ဂါလန်ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းနှင့် အရှည် ပေ ၆၆၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၅၅ ဒသမ ၁၄၄ သန်းအသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများကတာဝန်ယူ၍ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ရွှေပြည်သာကွက်သစ်ကျေးရွာရှိ အိမ်ခြေ ၉၇ အိမ်မှ လူဦးရေ ၃၃၀ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိမည် ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်က ပြောပြ၍ သိရသည်။ **ချိုလေး**

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မလှိုင် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းတောင်ကျေးရွာနှင့် အိုင်သာကျေးရွာနှစ်ရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့်အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ၂၀ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ဒသမ၈သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သိမ်ကုန်းတောင်ကျေးရွာနှင့် အိုင်သာကျေးရွာတို့တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၇ဒသမ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၇ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အောင်လံမြို့နယ် ဇေယျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇေယျာကျေးရွာအုပ်စု ဇေယျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၆၃ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ တတိယအကြိမ်မြောက်အဖြစ် ဇေယျာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၃၀ နှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**


တိုဘီ-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် မေ ၁၀ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများသင်ယူနိုင်အောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုအခါ သင်တန်းဆင်း ဆရာ၊ ဆရာမ စုစုပေါင်း ၁၄၅၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့အားလုံးသည်လည်း မကြာခင်ကာလအတွင်း သင်တန်းဆင်းပြီး ပညာရေးဝန်ထမ်း၊ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့် လိုက်နာရမည့်အချက်များကို မှာကြားလိုကြောင်း။

**မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျေးရွာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့် သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလို . . .**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပါက အားနည်းချက်ရှိခဲ့ခြင်းကြောင့် ဒေသအချို့တွင် ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျနေခြင်းကိုလည်း တွေ့မြင်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"**ဆိုသည့် ဦးတည်ချက်ချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့တပည့်များကို စာကိုလည်းသင်ပြီး စိတ်ကိုလည်း ပြင်ပေးကြရမည်၊ မိမိတို့တပည့်များကို လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတ အများအကျိုးဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် သင်ကြားဆုံးမပေးကြရမည်၊ **"ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"**ဆိုသည့် မြန်မာစိတ်ထားကို နှလုံးသားထဲစိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း၊

အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့် အကျိုးကို မှန်ကန်စွာနားလည်နိုင်ကြရန်ကိုလည်း သွန်သင်ဆုံးမပေးကြရမည် ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်သည် ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါး ဖြစ်သည့် ရိုသေထိုက်သော ဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေပါက အမှန်းခံ၍တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသောသဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်း စသည့်ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်ကြောင်း၊ ထို့ပြင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာဆိုသည့် နာလေးနာဖြင့် တပည့်များကို ပညာပြည့်ဝနှလုံးလှအောင် လေ့ကျင့်သင်ကြားပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ **မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျေးရွာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့် သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလိုကြောင်း၊** ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သည့် ပညာအရည်အချင်း၊စိတ်စေတနာနှင့် အကျင့်သိက္ခာများကို အမြဲတစေဖြည့်ဆည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကျောင်းသား၊ ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူဆည်းပူးနိုင်ရေးအတွက် မောင်တို့မယ်တို့က သက်ဆိုင်ရာမိဘများ၊ ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အချိန်မတိုင်မီ ကျောင်းထွက်မှုလျော့ပါးပြီး တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေး၊ တန်းစဉ်အလိုက် စာပေအတတ်ပညာများတတ်မြောက်အောင်သင်ကြားပေးရေး၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်ပြီး ဉာဏ်ပညာနှင့် တည်ဆောက်တတ်သည့် လူငယ်များဖြစ်လာစေရေးတို့ကို ပြုစုပျိုးထောင်ပေးကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း။

စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးလည်း ဖြစ်ရန်လိုကြောင်း၊ **“အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာခြင်းမှ အစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် **တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြီးမားသည့်မောင်းနှင်အား တစ်ရပ်လည်းဖြစ်**ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင်လည်း တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ရန်လိုသည်ကိုတွေ့နိုင်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေကြောင်း၊ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့် စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားနှင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ထို့ကြောင့် မောင်တို့မယ်တို့ တိုင်းရင်းသားများသည် မြန်မာစိတ်မွေးပြီး **“ငါတို့အားလုံးသည် မြန်မာ(We are Myanmar)”** ဆိုသည့်စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သည့် အမျိုးသားစိတ်ဓာတ်များဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုသကဲ့သို့ ဒေသအသီးသီးက တပည့်ကျောင်းသားလူငယ်များကိုလည်း အကောင်းမြင်စိတ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှုစိတ်၊ ရိုင်းပင်းကူညီစိတ် စသည့် စိတ်ဓာတ်များ ရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးသည် ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ခြင်းကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် **ပြည်ထောင်စုစိတ်ဓာတ်** အရင်းခံကာ **နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန်လို**ကြောင်း၊ မိမိတို့နိုင်ငံအတွက် အသက်တမျှအရေးကြီးသည့် **ပြည်ထောင်စုစိတ်ဓာတ်**ကို မောင်တို့မယ်တို့အနေဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အတူတကွ ပညာသင်ကြရင်းဖြင့် ရင်ထဲတွင် စွဲမြဲခံယူကြပြီး ဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း၊ ထို့ကြောင့် **မောင်တို့မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာ မိမိတို့တာဝန်ကျရာ ဒေသများတွင် တိုင်းရင်းသား ပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလို**ကြောင်း။

**မောင်တို့မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် “ဒို့တာဝန်အရေးသုံးပါး”ကို အခြေခံပြီး အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နှင့်အတူလက်တွဲ ပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလို**ကြောင်း။

**မောင်တို့မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာ မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလို . . .**

**မောင်တို့မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် “ဒို့တာဝန်အရေးသုံးပါး”ကို အခြေခံပြီး အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလို . . .**

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့်လိုလားချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသည့် ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် လူတော်လူကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင် ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန်၊ မိမိတို့နိုင်ငံအတွက် လိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး သုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မောင်တို့မယ်တို့အနေဖြင့် ပညာတတ်သည့်မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ပါစေဟု ဆုတောင်းမေတ္တာပို့သကြောင်းဖြင့် ပြောကြားသည်။



ကျောင်းသား၊ ကျောင်းသူများကိုယ်စား ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ကရင်တိုင်းရင်းသား စကျော်ဇေယျာဖြိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ကရင်တိုင်းရင်းသား စကျော်ဇေယျာဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။(ဗဟို)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲတွင် ခတ၊ အတိုက်၊ အသင်းလိုက် အမျိုးသား၊ အမျိုးသမီးတို့ဖြင့် အမျိုးအစား သုံးမျိုးပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် အောက်တိုဘာ ၂၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဒုဝဗ)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၄၅/၂၀၂၅
၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ (ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင်အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၄၆/၂၀၂၅
၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ (ခ)အရ ဒေါ်ဥမ္မာအေးအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## သံအမတ်ကြီး ဦးစိန်ဦး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိန်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အီစတာနာနန်းတော်၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒိုလာ အဗ်နီ အယ်လ်မာဟွန် ဆူလ်တန် ဟာဂျီ အိုမာအလီ ဆိုင်ဖူဒင် ဆအာဒူလ် ခိုင်ရီ ဝါဒင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ဖုန်း ၀၉-၄၂၀၇၀၁၄၅၄၊ ၀၉-၄၃၀၆၇၁၆၈ တို့သို့ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော်အပါး ၁၇၀ ၊ အာဂုံပြန် စာရင်းသွင်းသံဃာ ၂၆၁ ပါး၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၆၄ ပါး စုစုပေါင်း ၇၁၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်(စနေနေ့)မှ ဒီဇင်ဘာ ၈ ရက် (တနင်္လာနေ့)ထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**❖ သီပေါမြို့မှ**

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းနေအရွယ် ကလေးများကို တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၁၂ ဦးရှိကြောင်း သိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# စက်သုံးဆီအရောင်းဆိုင်များကို ခေတ်မီလုံခြုံစိတ်ချရသည့် သိုလှောင်စခန်းနှင့် အရောင်းဆိုင်များအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ စတင်ပြောင်းလဲကျင့်သုံးသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်သည်။

စက်သုံးဆီ တင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးခြင်းလုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် စက်သုံးဆီ သိုလှောင်စခန်းနှင့် အရောင်းဆိုင်များကို ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနည်းတူ ခေတ်မီလုံခြုံစိတ်ချရသော သိုလှောင်စခန်းနှင့် အရောင်းဆိုင်များ ဖြစ်စေရေး၊ ပြည်တွင်း စက်သုံးဆီလိုအပ်ချက်အား ပြတ်လပ်မှုမရှိစေဘဲ ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်ရေး၊ သတ်မှတ်အရည်အသွေး အခြင်အတွယ် ပြည့်မီမှန်ကန်စေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သော ရောင်းဈေးနှုန်းများအတိုင်း ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးနိုင်ရေး ကြီးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စက်သုံးဆီ တင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးခြင်းလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းများရှိ သိုလှောင်စခန်းများနှင့် အရောင်းဆိုင်များတွင် Real Time Online Monitoring နှင့် CCTV တပ်ဆင်ပြီး ခေတ်မီလုံခြုံစိတ်ချရမှုရှိသည့် စနစ်အတွက် အဆင့်မြှင့်တင်မှု လုပ်ငန်းများကိုပါ ဖော်ဆောင်လျက်ရှိသည်။

သိုလှောင်စခန်းများနှင့် အရောင်းဆိုင်များတွင် Real Time Online Monitoring နှင့် CCTV စနစ်များ တပ်ဆင်ခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတပ်ဆင်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် တပ်ဆင်ပြီးစီးခဲ့သည့် စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပျက်စီးမှုများကို မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကာ စွမ်းအင်ဝန်ကြီးဌာနကလည်း လိုအပ်သည်များကို ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းသည် ပြည်တွင်း၌ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရန်၊ ပြည်ပစက်သုံးဆီတင်သွင်းမှုမှစ၍ End User ထိ Supply Chain တစ်ခုလုံးကို စောင့်ကြည့်ထိန်းသိမ်း ကြီးကြပ်နိုင်ရန်၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သော အစီအမံများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်း စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီအဖွဲ့အစည်းများ အားလုံးပါဝင်သည့် Supply Chain တစ်ခုလုံးကို Online စနစ်ဖြင့် စောင့်ကြည့်ဖြည့်ဆည်းပေးသည့် စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်ရသည့်အပြင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုမရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း သိရသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရပြီး စွမ်းအင်ဝန်ကြီးဌာနကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် စနစ်တကျ ထိန်းသိမ်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။









တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

"ကျွန်တော်ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ ကျွန်တော်ဒီသင်တန်းကို တက်ရောက်သင့်တယ်ထင်လို့ ကျွန်တော်တက်ရောက်ဖြစ်တာပါ။ နိုင်ငံသားတစ်ယောက်အနေနဲ့လည်း ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို တစ်ဖက်တစ်လမ်းကနေပြီး ကာကွယ်စောင့်ရှောက်သင့်တယ်ဆိုတဲ့ ကျွန်တော့်ရဲ့ တာဝန်သိစိတ်ကြောင့်လည်းဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ဘဲ ဖွံ့ဖြိုးတဲ့နိုင်ငံတော်တော်များများက စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြပါတယ်။ ကျွန်တော်ကတော့ ဒီဥပဒေကို ကောင်း



တယ်လို့ ထင်မြင်မိပါတယ်။ နိုင်ငံသားတိုင်းလည်း လိုက်နာပြီး ဆောင်ရွက်သင့်တယ်လို့ ထင်မြင်မိပါတယ်။ ဒီသင်တန်းကို ကျွန်တော်မလုပ်ဖူးခင်က မလုပ်ဖူးတဲ့အရာတွေ လုပ်ရမယ်ဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားမိတယ်။ ယောကျ်ားတိုင်း တတ်သင့်တဲ့ ပညာရပ်ဖြစ်တာကြောင့် ဂုဏ်ယူစွာနဲ့သင်ကြားသွားချင်ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်တွေလည်း တစ်ဖက်တစ်လမ်းကနေ ကိုယ်တတ်စွမ်းသလောက် ထမ်းဆောင်သွားပါ့မယ်လို့



ကျွန်တော်ဆုံးဖြတ်ထားပါတယ်။ နောင်လာမယ့် ညီငယ်တွေကိုလည်း လာပြီးတက်ရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

"ကျွန်တော် ပြည်သူ့စစ်မှုထမ်းထဲဝင်ချင်တာလည်းကြာပါပြီ။ ဘာကြောင့်လည်းဆိုတော့ နဂိုတုန်းကလည်း ကျွန်တော် ဝင်ချင်တာလည်းရှိပါတယ်။ စိတ်ဆန္ဒလည်းရှိပါတယ်။ မြန်မာနိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ရမယ်ဆိုတာလည်း သိပြီးသားဖြစ်တဲ့အတွက် ကျွန်တော် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးကိုလည်း ပြည်သူ့စစ်မှုထမ်းဖို့ ဖိတ်ခေါ်ပါတယ်။ ဒီသင်တန်းအမှတ်စဉ်(၁၈) စရောက်တဲ့အချိန်မှာ နည်းပြတွေ၊ အရာရှိတွေ၊ ဗိုလ်လေးတွေက ကျွန်တော့်ကိုနွေးနွေးထွေးထွေးကြိုဆိုပါတယ်။ တပ်မတော်သားကောင်းဖြစ်အောင် ကြိုးစားပြီး နေထိုင်သွားပါ့မယ်လို့လည်း ကတိသစ္စာပြုပါတယ်"ဟု ပြောသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံ



**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် H.E. Mr.Jaime Nada Roig အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများ၊ UNFPA အကြား ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ မိသားစုစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ လျှင်ကာလနှင့်လျှင်ကာလ အလွန်မိတ်ဖက်အဖွဲ့အစည်း၏ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာအားကစားကွင်း၊ တောင်ဒဂုံအားကစားကွင်း၊ သီဟဒီပအားကစားကွင်းနှင့် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း) တို့၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းဒေသကြီး အသင်းက နှစ်ဂိုး တစ်ဂိုး ဖြင့်လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ တောင်ဒဂုံအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို အောက်တိုဘာ ၂၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိတ်ပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးနှင့် အမိုးသွပ်ပြားများကို အထူးကုန်ရထားဖြင့် ပို့ဆောင်





**နေပြည်တော် အောက်တိုဘာ ၂၁**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများကို ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် HRB 500 အမျိုးအစား သံချောင်းလုံး တန်ချိန် ၅၅၃ ဒသမ ၀၀၆ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြားအချပ် ၇၀၀၀ တန်ချိန် ၃၂ ဒသမ ၅၆ တန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော 4 Angle 0.33 mm အမိုးသွပ်ပြားအချပ် ၇၀၀၀ တန်ချိန် ၃၂ ဒသမ ၅၆ တန် တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးရွှေကြက်ယက်ဘူတာသို့ ရောက်ရှိရာ တာဝန်ရှိသူများက လာရောက် ကြည့်ရှုစစ်ဆေးလက်ခံပြီး တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့"** ခေါင်းစဉ်ဖြင့် ၂၂-၁၀-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၉-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက်တာမျိုး မလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများကိုသတ်ဖြတ်နေသည့် အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ဦးရေ ၃၀ နှင့် အမျိုးသမီး ခြောက်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက် ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သုံးခွမြို့နယ်၊ ဒလမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့်အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးကို စားသောက်ဖွယ်ရာများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးကို စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ မုံရွာမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုံးမဩဝါဒစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MK-12 တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၁၂ ဗို့ကျည်ကိုးတောင့်၊ လက်လုပ်ပစ္စတို တစ်လက်နှင့် လက်လုပ်ပစ္စတို ကျည်အိမ် တစ်ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သိန်း ၂၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၂၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"သမီးတို့ရွာကနေ သူငယ်ချင်းရှိရာကို အလည်သွားရင်းနဲ့ လမ်းမှာ PDF အဖမ်းခံရပြီး ထောင်ကျခံမလား စစ်မေလုပ်မလား အကျပ်ကိုင်မေးခဲ့လို့ စစ်မေလုပ်ရင် လွတ်လမ်းရှိတယ်လို့ တွေးမိပြီး PDF ထဲရောက်ရှိခဲ့ပါတယ်။ သင်တန်းကိုတော့ မင်းကင်းမြို့နယ် ထန်းပင်ချောင်းရွာအနီးက တောတိုက်ထဲမှာ ယောကျ်ား၊ မိန်းမ အင်အား ၂၀ နဲ့အတူ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းကိုတော့ စစ်သင်တန်း၊ လက်နက်ငယ်နဲ့ မိုင်းလုပ်နည်း၊ မိုင်းထောင်နည်းတွေကိုသင်ကြားပေးပါတယ်။ သင်တန်းဆင်းတော့ သူတို့အတွက် ထမင်းဟင်းချက်ပြုတ်ရေးနဲ့ လုံခြုံရေးကင်းတာဝန်တွေကို ထမ်းဆောင်ခဲ့ရပါတယ်။ သမီး PDF ထဲ ဝင်ရောက်ချိန်မှာ PDF အကြမ်းဖက်အဖွဲ့တွေက ဂိတ်တွေမှာ ဆက်ကြေးကောက်တယ်။ လူတွေကိုလည်းဖမ်းပြီး အနိုင်ကျင့်တယ်။ သူတို့ထဲကို အတင်းအကျပ်ဝင်စေတယ်။ မဝင်တဲ့သူတွေကိုလည်း ထောင်ချတယ်။ သတ်ပစ်တယ်။ ရွာထဲကလူတွေကိုလည်း လက်နက်အားကိုးနဲ့ အနိုင်ကျင့်တယ်။ နှိပ်စက်တာတွေလုပ်တယ်။ သမီးက အစောကတည်းက သူတို့ထဲကို ဝင်ချင်ခဲ့တာမဟုတ်ပါဘူး။ ဖမ်းဆီးမခံရဖို့အတွက် စစ်မေလုပ်ခဲ့ပြီး အခွင့်အရေးရတာနဲ့ လုံခြုံရေးစခန်းမှာ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ သမီးမိဘတွေဆီကို ပြန်ရတော့မှာမို့ အရမ်းဝမ်းသာမိပါတယ်။ ပြီးတော့ ဒီဇင်ဘာလမှာ






ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ သမီးကိုယ်တိုင်လည်းမဲပေးမယ်။ PDF အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့သူတွေကိုလည်း ပြောချင်တာကတော့ သူတို့ပြောသလို အလင်းဝင်ရင်ဖမ်းဆီးမယ်။ ထောင်ချမယ်။ နှိပ်စက်မယ်ဆိုတာ မဟုတ်ပါဘူး။ အခုလို နွေးနွေးထွေးထွေးကြိုဆိုပြီး ထောက်ပံ့မှုတွေလုပ်ပေးတာ သမီးကိုယ်တွေ့ပါပဲ။ ဒါကြောင့် အချိန်မနှောင်းခင် အမြန်ဆုံး အလင်းဝင်ရောက်ကြဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်အရင်က မန္တလေးမြို့မှာ ပန်းပုထုတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၁ ခုနှစ်မှ ကျွန်တော်ရွာကိုရောက်ပြီးတော့ ဆိုင်ကယ်နဲ့ဈေးရောင်းတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလပိုင်းမှာ သူငယ်ချင်းက မင်းသေနတ်ကိုင်ချင်လား၊ မင်းသေနတ်ကိုင်ဖူးချင်လား၊ သေနတ်ပစ်ဖူးချင်လား၊ ပစ်ဖူးကိုင်ဖူးချင်ရင် ငါနဲ့လိုက်ခဲ့ဆိုပြီးခေါ်ဆောင်သွားတဲ့အတွက် ကျွန်တော်လည်းအကြမ်းဖက် PDF စခန်းကိုလိုက်သွားခဲ့ပါတယ်။ အဲ့ဒီနောက်မှာ သူတို့ရဲ့အကြမ်းဖက်ခေါင်းဆောင်က ကျွန်တော့်ကို ပြန်ရင်မိဘတွေကိုသတ်ပစ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်တဲ့အတွက်ကြောင့် ကျွန်တော် PDF ထဲကိုဝင်ခဲ့ရပါတယ်။ သင်တန်းမှာတော့ လက်နက်ငယ်ပစ်နည်း၊ မိုင်းထောင်နည်း၊ မိုင်းခွဲနည်းတို့ကို သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော် သင်တန်းဆင်းတော့ ထမင်းအချက်အပြုတ်နဲ့ ကင်းစောင့်တာဝန်ကိုယူခဲ့ရပါတယ်။ ကျွန်တော်အကြမ်းဖက်လုပ်ရပ်တွေမှာ မပါဝင်ခဲ့ပါဘူး။ တစ်ခါတလေမှာ သူတို့ရွာထဲမှာ ဆက်ကြေးသွားကောက်တဲ့အချိန်မှာ ကျွန်တော်လိုက်ခဲ့ရပါတယ်။ နောက်ပြီးရင် ကျွန်တော်တို့ အဝင်၊ အထွက်လမ်းတွေ ရွာကတံတားလမ်းတွေမှာလည်း ကျွန်တော်သူတို့လုံခြုံရေးအတွက် ကင်းစောင့်ပေးခဲ့ရပါတယ်။ ကျွန်တော် PDF အကြမ်းဖက်ထဲရောက်တဲ့ အချိန်မှာ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်တဲ့ဝါဒကို ကျွန်တော်တွေ့ကြုံခဲ့ရပါတယ်။ နောက်ပြီး လူကြီးပိုင်းတွေကတော့ လမ်းတံတားတွေ ဂိတ်တွေမှာရတဲ့ ဆက်ကြေးငွေတွေနဲ့ ရွာသူရွာသားတွေဆီက ကောက်ခံလို့ရတဲ့ ဆက်ကြေးငွေတွေနဲ့ အဆင်ပြေနေပြီးတော့ ကျွန်တော်တို့လက်အောက်က လူတွေကျတော့ ထမင်းတောင်မှမဝရေစာစားခဲ့ရပါတယ်။

**စာမျက်နှာ ၂၃ သို့**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးကို ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မယ်ထော်သလေး(KK Park)နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Andrew Labrador Agrafvante နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြဝ)

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ငါးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ခြေကျေးရွာအုပ်စု တံတားကြီးကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများသည် ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံတောင်သူများအနေဖြင့် မြေပဲ၊ နေကြာ၊ ဂျုံ၊ စပါး၊ ခရမ်းချဉ်၊ ပဲပုပ်၊ ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများ စိုက်ပျိုးရာတွင် ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Frank William Abianail” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက်နေ မင်းပိုင်စိုးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)


**စာမျက်နှာ ၂၂ မှအဆက်**

ဖျားနာလာတဲ့အချိန်မှာလည်း ဆေးကုသဖို့ ဆရာဝန်မရှိဘူး။ နေရတာလည်း လုံးဝအဆင်မပြေပါဘူး။ ကြံ့သလို ဖြစ်သလိုနေရပါတယ်။ သူတို့နဲ့ အဆင်ပြေတဲ့သူတွေကျတော့ ကောင်းကောင်းမွန်မွန်နေရတယ်။ ဘာမှမလုပ်ရဘူး။ ကြီးနိုင်ငယ်ညှဉ်းနှိပ်ကွပ်မှုတွေလည်း ကျွန်တော်ကြုံတွေ့ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာကတော့ အဆိုးဆုံးပါပဲ။ ကျွန်တော် အလင်းဝင်ရောက်ခဲ့တာကတော့ သူတို့ရဲ့လုပ်ငန်းတွေ၊ မတရားမှုတွေကိုမကြိုက်လို့ အလင်းဝင်ရောက်ခဲ့တာပါ။ ဆရာ၊ ဆရာမတွေကို သတ်ဖြတ်တာ၊ ရဟန်းသံဃာတွေကို သတ်ဖြတ်တာကအစ ကျွန်တော်လက်မခံနိုင်လို့ သူတို့ရွာတွေမှာ ဆက်ကြေးကောက်နေတဲ့အချိန်မှာ ကျွန်တော်အခွင့်သာလို့ထွက်ပြေးလာပြီးတော့ နီးစပ်ရာစခန်းမှာ ကျွန်တော်အလင်းဝင်ခဲ့ပါတယ်။ ကျွန်တော်အလင်းဝင်ရောက်တဲ့အခါမှာ ကျွန်တော်တစ်ခုခုများဖြစ်မလားဆိုပြီးတော့ စိုးရိမ်စိတ်ကြီးနဲ့ တွေးမိပါတယ်။ တကယ်တမ်းကျတော့ အစိုးရနဲ့ တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာကြိုဆိုတယ်။ အစားအစာနဲ့ ထောက်ပံ့ကြေးငွေတွေပေးတယ်။ ကျန်းမာရေးကအစ စစ်ဆေးပေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို နေစရာတွေပေးတယ်။ နောက်ပြီး ကျွန်တော်တို့မိသားစုနဲ့အတူ အမြန်ဆုံးပြန်နေခွင့်ရအောင်စီစဉ်ပေးလို့ ကျွန်တော်တို့ အစိုးရနဲ့တပ်မတော်ကလူကြီးတွေကို ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်”ဟု ပြောသည်။ (မြဝ)

# နောက် ခြောက်နာရီအတွင်း အားကောင်းသောအပူပိုင်းမုန်တိုင်း “ဖန်ရှန်”အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ဖန်ရှန်” (FENGSHEN) သည် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့သည်။ အဆိုပါ အပူပိုင်းမုန်တိုင်း “ဖန်ရှန်”သည် အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ နောက် ခြောက်နာရီအတွင်း အားကောင်းသောအပူပိုင်းမုန်တိုင်း “ဖန်ရှန်” အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



ဝတ္ထုတိုကဏ္ဍ

# မပြုံပါနဲ့ ရွှေမြင်းမိုရ်

## ကနောင်(ပခန်းမြေ)



(၁)

"အဖိုးသင်းရေ အတာရှိလား အတာ"

သိန်းကြွယ်လှတစ်ယောက် အော်၍သာခေါ်နေရသော်လည်း အိမ်ထဲတွင် အတာကိုလည်းမမြင်၊ အဖိုးသင်းကိုလည်းမတွေ့။ သို့သော် ရှိလိုရှိငြား ကြားလိုကြားငြား ထပ်၍ခေါ်ကြည့်လိုက်သည်။

"ဗျို့ အဖိုးသင်းရေ အဖိုးသင်း"

သိန်းကြွယ်လှ၏ အိမ်ရှေ့မှ တကြော်ကြော်အော်ခေါ်နေသည့်အသံအဆုံးဝယ် အဖိုးသင်းမှာ အိမ်နောက်ဘက်၌ ဓားသွေးနေရာမှ အိမ်ရှေ့သို့ထွက်လာသည်ကို တွေ့ရ၏။ သိန်းကြွယ်လှကို မြင်သောအခါ အဖိုးသင်းသည် အိမ်ထဲသို့ ခေါ်လေ၏။

"လာလေ သိန်းကြွယ်လှ အတာက ကြားမှာ မဟုတ်ဘူး။ နောက်ဖေးမီးဖိုထဲ ထမင်းအိုးတည်နေတာ"

သိန်းကြွယ်လှသည် ဦးဖိုးသင်းဆီလျှောက်လာရင်း မြေကြီးပေါ်တွင် ထိုင်ချလိုက်ပြီးနောက် လာရင်းကိစ္စကို ပြော၏။

"ကျုပ်အဖေက အတာကို ခေါ်ပေးပါဆိုလို့ လာရတာ လက်ပြင်ကျောငုပ်လို့ အတာကို နှိပ်ခိုင်းမလို့ဆိုလား"

"အင်း ညည်းဘာသာကြည့်ပြောပြီး ခေါ်သွား။ အတာက မျက်စိမှုန်၊ နားသိပ်မကြားတာလဲ ညည်းသိတာပဲ။ အဖိုးသင်း နေမပူခင် တောထဲထင်းခွေသွားအုံးမယ်"ဟုပြောပြီး အဖိုးသင်းသည် သွေးပြီးစ ထင်းခုတ်ဓားမကို ဓားရိုးခါးကြားထိုးလျက် တောသို့ထွက်သွားလေတော့၏။

(၂)

ရွာထဲလမ်းတွင် သိန်းကြွယ်လှသည် ရှေ့က သွား၍ အတာက သိန်းကြွယ်လှကိုတွဲလျက် နောက်ကနေလိုက်ပါလာ၏။ အတာနှင့် သိန်းကြွယ်လှတို့သည် အသက်အားဖြင့် သိပ်မကွာကြ။ အတာသည် သိန်းကြွယ်လှထက် သုံးနှစ်ခန့်သာငယ်၏။ အတာကို သင်္ကြန်တွင်းကာလကြီးတွင်မွေး၍ တစ်ရွာလုံးက ချစ်စနိုးနှင့် အတာဟုခေါ်ကြသည်။ အတာသည် မွေးဖွားစအချိန်ကတည်းက သနားစရာကောင်း၏။ အတာကို ရပ်ရွာဓလေ့အတိုင်း အရပ်လက်သည်နှင့်သာ မွေးဖွားခဲ့ရလေရာ လက်သည်က အချင်းနှင့်သားအိမ်ကို မှားဆွဲမိ၍ မိခင်ကို ဆုံးရှုံးခဲ့ရလေ၏။ ဇနီးဖြစ်သူ ဆုံးပါးသွားကတည်းက အဖိုးသင်းလည်း အတာ့ကိုစောင့်ရှောက်ရင်း အဖေတစ်ခု သမီးတစ်ခုဘဝဖြင့် လောကဓံကို ရင်ဆိုင်ဖြတ်သန်းခဲ့ရရှာ၏။ အတာသည် မွေးရာပါ မျက်စိမှုန်ခြင်းဖြစ်၏။ နားမကြားတာကတော့ ကလေးဘဝက သိန်းကြွယ်လှတို့နှင့် လှည်းလမ်းမပေါ် ဆော့ကစားကြစဉ်အခါက အတာ၏ အစ်ကိုဝမ်းကွဲတော်စပ်သူ ဖိုးတုတ်က အမွှေးတိုင်တုတ်တိုကို အတာနားထဲသို့ထည့်ပြီး ရိုက်ထည့်လိုက်၍ဖြစ်သည်။ ထိုနေ့က အတာ့အဖြစ်ကို ကြည့်ပြီး သနားစိတ်နှင့်အတူ အလွန်စိတ်မကောင်းဖြစ်ခဲ့ရသည်။ သိန်းကြွယ်လှတို့ ကလေးတစ်ဖွဲ့လုံး ခြေမကိုင်မိလက်မကိုင်မိဖြစ်လျက် ပျာယာခတ်ထိတ်လန့်ကုန်ကြပြီး အဖိုးသင်းကို အော်ခေါ်ကြသည်။

"အဖိုးသင်းရေ လာပါအုံး။ အတာနားထဲက သွေးတွေထွက်နေပြီ"

အတာကလည်း အော်ငိုသည်။ ထိုနေ့က အဖိုးသင်းနှင့်အတူ ဖိုးတုတ်တို့အဖေ အတာ့ဦးလေးဘသာလှတို့က အတာကို လှည်းနှင့်တင်ပြီး တိုက်နယ်ဆေးရုံသို့ ခေါ်သွားကြသည်။ သိန်းကြွယ်လှတို့ ကလေးတစ်စုလုံးကိုခေါ်ပြီး အရီးတင်မြက ဆူသည်။ နောက်တစ်ခါ ဆော့ကစားလျှင် အန္တရာယ်မဖြစ်မိအောင် ထိန်းသိမ်းကစားကြရန် ပြော၏။ အထူးသဖြင့် ဖိုးတုတ်ကို "အဲဒီလိုလုပ်ရပ့ါမလား"ဟုပြောပြီး ပိုဆူသည်။ ဖိုးတုတ်က သူ့ကြောင့်ဖြစ်ရသည်မို့ ငိုမဲ့မဲ့နှင့် စိတ်မကောင်းဖြစ်နေဟန်ရှိ၏။ ထွက်လက်စနှပ်များကို ညှစ်မပစ်ဘဲ လက်မောင်းနဲ့သုတ်လိုက်ပြီး ရွှတ်ခနဲ ရှုံ့ချလိုက်သည်။ နှပ်များက လက်တွင် အစင်းလိုက်ကြီးပေသွား၏။ အရီးတင်မြသည် ဆူပူကြိမ်းမောင်းပြီး ကလေးတစ်စုလုံးကို ခြံထွက် မာလကာသီးများကျွေး၍ စားကြရပြန်သည်။

"အတာ ပြန်ရောက်လာပြီဟေ့"

ဖိုးတုတ်က အရီးတင်မြကျွေးသော မာလကာသီးကိုစားလျက် ဝမ်းသာအားရနှင့်အော်ပြီး လှည်းဆီသို့ ပြေးသွားသည်။ အတာတို့လှည်းကြီး ရွာထဲပြန်ရောက်လာတော့ သိန်းကြွယ်လှတို့လည်း ပြေး၍ကြို့ကြသည်။ အတာနားတစ်ဖက်တွင် ပိတ်စအဖြူနှင့် ပတ်တီးကြီးစီးထားလေ၏။ ထိုအချိန်မှစ၍ အတာသည် မျက်စိမှုန်ရသည့်အထဲ အကြားအာရုံကြောများပါပျက်စီး၍ နားပါမကြား ဖြစ်ခဲ့ရလေ၏။ သိန်းကြွယ်လှသည် အတိတ်အကြောင်းများကို ပြန်တွေးရင်း အိမ်သို့ရောက်လာခဲ့လေ၏။

"အဖေရေ အတာကို ခေါ်လာပြီ"

သိန်းကြွယ်လှ၏ အိမ်ရှေ့မှ အော်ပြောလိုက်သည့်အသံကြောင့် ဖခင်ဖြစ်သူ ဘကြီးဖြိုးသည် အိပ်ရာထဲမှ ကြိုးစားထလိုက်ပြီး–

"သမီးရေ အတာကို သမီးပဲ ကြားအောင်၊ နားလည်အောင် ပြောပြလိုက်ပါအုံး"

"ပြောပြီးပါပြီ အဖေရယ် အတာသိတယ် အဖေ"

သိန်းကြွယ်လှက အဖေ့ကိုပြောရင်း အတာကိုလည်းကြားအောင် အော်ပြောလိုက်သည်။ အတာက တစ်ချက်ပြုံးပြပြီး သူသဘောပေါက်နားလည်ကြောင်း၊ သိပြီးပြီဖြစ်ကြောင်း ခေါင်းညိတ်၍ပြ၏။

"ကဲ အဲဒါဆို သမီးအတာရေ အဘလက်ပြင်ကြောလေး ဖော်ပေးပါအုံး"

အတာသည် ဘကြီးဖြိုး၏ ငုပ်နေသောလက်ပြင်ကြောကိုဖော်ရန် စမ်းသပ်၍ နှိပ်ပေးလေတော့၏။ အတာသည် ရပ်ရွာလူကြီးတို့၏ အားကိုးအားထားရာ အနှိပ်သမ၊ အနင်းသမလေးဖြစ်၏၊ ခြေမှဖွားသည်ဖြစ်၍ထင်၏။ အတာ၏ အနင်းအနှိပ်ကိုခံရပြီးလျှင် ဝေဒနာသက်သာကြသည်ဆို၏။ နင်းနှိပ်ခံရ၍ လူကြီးသူမများပေးသော ငါးရာ၊ တစ်ထောင်ကို နည်းသည်လည်းမပြော၊ များသည်လည်းမဆို ပေးသလောက်သာယူ၍ ကျေးသလောက်ကိုသာ မျှတရုံစားသည်။ ထို့ကြောင့် တစ်ရပ်ရွာလုံးက အတာကို ချစ်ကြ၏။ သိန်းကြွယ်လှသည်လည်း အတာစားဖို့ လက်ဖက်ကို နှစ်ပြန်ကြော်နိုင်နိုင်ထည့်ပြီး ဆီရွှဲရွှဲဖြင့် သုပ်လိုက်လေတော့၏။ ထန်းခေါက်ဖာထဲမှလည်း အတာနှင့် လိုက်ဖက်မည့် မြန်မာဝတ်စုံတစ်စုံကို ထုတ်ထားလိုက်သည်။ သိန်းကြွယ်လှဝတ်ပြီးသားဆိုသော်လည်း မသစ်ပေမဲ့ မဟောင်းပါ။ မနှစ်က ရွာဘုရားပွဲ ဆွမ်းလောင်းတစ်ကြိမ်သာ ဝတ်ထားရသေးသော ပါတိတ်ဝမ်းဆက်လေးဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အတာပြန်လျှင်တော့ ပေးဖြစ်အောင်ပေးရပါဦးမည်။

(၃)

အတာ့ကို အိမ်အရောက်ပြန်ပို့တော့ အဖေပေးလိုက်သော ပိုက်ဆံငါးရာတန်နှစ်ရွက်မှ တစ်ရွက်ကို ဘုရားစင်ပေါ်က စုဗူးထဲသို့ထည့်လိုက်ပြီး ကျန်ငါးရာကို အတာသည် အိတ်ကပ်ထဲသို့ ထိုးထည့်လိုက်လေ၏။ စုဗူးထဲမှ ပိုက်ဆံကို "ဘာအတွက်စုသလဲ"ဟု သိန်းကြွယ်လှ မေးသောအခါ "လာမဲ့နှစ်ဘုရားပွဲရောက်ရင် ဦးဖိုးသင်းမိသားစုက လှူဒါန်းသော ပဒေသာပင်ပေါက်မဲဖြစ်ပါတယ်ခင်ဗျာ့ဆိုတဲ့ ဂေါပကတွေ၊ နိဗ္ဗာန်ဆော်တွေရဲ့ မိုက်ကြီးနဲ့ အော်တဲ့အသံကိုကြားပြီး ပီတိဖြစ်ချင်လို့"ဟု ပြောရာသည်။ သံဃာတစ်ပါးစာလှူရန်အတွက် အတာသည် သူ၏လုပ်အားခ ချွေးနှဲစာကလေးများကို ထိုသို့လည်း စုတတ်ဆောင်းတတ်ရှာသေး၏။ အတာကိုပို့ပြီး သိန်းကြွယ်လှက အိမ်ပြန်မယ်နှုတ်ဆက်တော့ အတာသည် သိန်းကြွယ်လှကို ကျေးဇူးတင်စကားဆိုသည်။

"မမသိန်းရယ် အင်္ကျီပါတိတ်ဝမ်းဆက်လေး အတာ့ကိုပေးလို့ ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်အတာရယ် သူငယ်ချင်းတွေပဲ ကျေးဇူးတင်စရာမလိုပါဘူး"

"အတာလေ မမသိန်းပေးတဲ့ အင်္ကျီလေးကို ရွာဘုရားပွဲ ဆွမ်းလောင်းကြရင် ဝတ်မယ်သိလား"

"ဟုတ်ပါပြီ အတာရယ်။ ဒီနှစ်ဘုရားပွဲရောက်ရင် မမသိန်းတို့ အတူတူဆွမ်းလောင်းကြတာပေ့ါ"

သိန်းကြွယ်လှစကားကိုကြားတော့ အတာက ပြုံး၍ရယ်နေ၏။ တစ်နှစ်တစ်ခါ စည်ကားသိုက်မြိုက်စွာကျင်းပသော ရွာဘုရားပွဲတော်ကြီးကို အတာတစ်ယောက်တော့ စိတ်ကူးဖြင့် ပျော်မွေ့နေပြီထင်၏။

(၄)

"အတာ အတာ သမီး အတာရေ"

ည...။ တစ်ရွာလုံးအိပ်၍ပျော်မွေ့သောအချိန်၌ အိမ်ထရံကို တဖုန်းဖုန်းပုတ်လျက် အတာကိုခေါ်သည့်အသံကြားရသည်။ ခေါ်သည့်အသံထက် ထရံကို ထုရိုက်ပုတ်သည့်အသံက ပို၍ကျယ်သည်။ အသိစိတ်၌ "အိပ်မက်လေလား၊ တကယ်လား"ဟု အတာ ဝေခွဲမရဖြစ်နေ၏။ အာရုံကိုစူးစိုက်၍ နားထောင်ကြည့်သောအခါ ထရံပုတ်သံနှင့်အတူ ဖခင်ဖြစ်သူ၏ခေါ်သံကို ည၏တိတ်ဆိတ်မှုအောက်တွင် အတာကြားလိုက်ရသည်။

"သမီး အတာရေ အဖေ ပိုးထိသွားလို့ ထပါအုံးကွယ်"

ဦးဖိုးသင်းသည် မြေပေါ်တွင်ထိုင်လျက်နှင့် အတာကြားအောင် အိမ်ထရံကိုပုတ်ပြီး နှိုးသည်။ အတာသည် အိပ်ရာဘေးရှိ ဓာတ်မီးကိုစမ်း၍ယူပြီး အိပ်ရာထဲမှ ကမန်းကတန်းထလာခဲ့၏။ မြေတလင်းပေါ်တွင်ထိုင်နေသော အဖိုးသင်းကို ထိတွေ့မိပါမှ အတာသည် ဖခင်ကြီးကိုပွေ့ဖက်ထားပြီး စိုးရိမ်ထိတ်လန့်စွာနှင့် အော်ဟစ်၍ ရပ်ရွာကို အကူအညီတောင်းရှာ၏။

"လာကြပါအုံး၊ ကယ်ကြပါအုံးရှင်။ အတာ့အဖေ ပိုးထိသွားလို့ အီးဟီးဟီး အတာအဖေကို လာကယ်ကြပါအုံး"

ညသန်းခေါင်အချိန်တွင် အတာ၏ ငိုသံ၊ အော်ဟစ်အကူညီတောင်းသံကြောင့် အိမ်နီးနားချင်းများ လန့်နိုးလာကြသည်။

"အီးဟီးဟီး လာကြပါအုံး။ အတာ့အဖေ ပိုးထိသွားလို့ ကယ်ကြပါအုံး၊ ကူကြပါအုံး"

လူကြီးလူရွယ်များစွာ ဓာတ်မီးများ၊ တုတ်များဖြင့် အတာတို့အိမ်သို့ စုပြုံရောက်ရှိလာကြ၏။ အတာသည် အဖေဖြစ်သူ ဦးဖိုးသင်းခြေသလုံးအထက်ကို အဝတ်စကြိုးတစ်ခုဖြင့် ကျစ်နေအောင်ချည်ထားပြီး ပိုးထိသောခြေသလုံးပေါ်မှ အပေါက်ကို လက်နှင့်စမ်း၍ ကုန်းစုပ်ပြီး တထွီထွီဖြင့် ထွေးထုတ်နေရှာသည်။ မြွေဆိုး မဖြစ်ပါစေနှင့်ဆုတောင်းရင်း အဆိပ်များကို အဖေ့ခန္ဓာကိုယ်ထဲမှ နည်းပါးသွားအောင် ကြိုးစားစုပ်ထုတ်ရင်း လူများရောက်လာချိန်ဝယ် ရေအိုးထဲမှ ရေတစ်ခွက်ကိုခပ်၍ ပလုတ်ကျင်း၍ ထွေးထုတ်လိုက်သည်။ ညှီစို့စို့နှင့် ငန်ကျိကျိအရသာများ အတာပါးစပ်ထဲ ကင်းစင်သန့်ရှင်းသွား၏။ သို့သော် မြွေဆိပ်အာနိသင်က ပြင်းသည်ထင်၏။ အတာ့ခေါင်းထဲ နောက်ကျိကျိနှင့် မူးဝေသလိုခံစားရသည်။ ဖခင်ကြီး မကွေ့လွင့်စေရန်က အရေးကြီးသည်မို့ အတာ အတတ်နိုင်ဆုံး ထိန်းထားရမည်မဟုတ်လား။ ဖိုးတုတ်က အိမ်တလင်းထဲပေါက်နေသော ကျီးအာနွယ်တစ်ချောင်းကိုဖြတ်ယူလာပြီး အဖိုးသင်း၏ ပိုးထိသောနေရာအထက်၌ တင်းအောင်ချည်ပတ်လိုက်လေ၏။

စာမျက်နှာ ၂၅ သို့ á

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၆၆ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၆၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၆၁၀၊ ဘုတလင်မြို့နယ်တွင် ဧက ၃၂၀၊ အရာတော်မြို့နယ်တွင် ၂၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၀၀၉ ဧက စုစုပေါင်း ၁၉၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ငရုတ်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြရာမှာ အခက်အခဲ မရှိစေဖို့အတွက်လဲ ဆောင်ရွက်ပေးမယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ငရုတ်စိုက် တောင်သူများအတွက် ငရုတ်အထွက်နှုန်းကောင်းမွန်စေရန်၊ ဈေးကွက်ဝင်သီးနှံများရရှိစေရန်၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာ အာဟာရ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## လူထဲကလူ ဖေးမကူ

\- လူ့ပြည်ရွာ သာစခန်း
ရှင်လန်းလို့ အလှဆင်၊
တွေ့ကြဆုံ ဆုံးတစ်သက်
ပြုံးလျက်ကြည်ရွှင်၊
လူထဲက လူတွေပင်
ကူစေချင် စာနာမှု၊
ချစ်မိတ်ဆွေ အဖော်ပေါင်းရယ်
ကောင်းစိတ်နှင့်စု။

\- မုန်ရာကို သစ္စာပြု
မေတ္တာထု မြဲခိုင်မာ၊
လူထဲလူ အမြင့်နန်း
တင့်ဆန်းမြေလွှာ၊
ထားရှိစိတ် ကိုယ်ချင်းစာ
သူနှင့်ငါ သွေးမကွဲ၊
ကွန်းခိုရာ အလှစစ်
ချစ်စိတ်ကိုင်စွဲ။

\- ဖေးမကူ မယိုင်လဲ
ခိုင်မြဲတဲ့ တို့လက်တွေ၊
ကောင်းစိတ်ယှဉ် သစ္စာထား
မေတ္တာများဝေ၊
မာန်ကင်းလို့ သဟာဆွေ
ကမ္ဘာမြေ အလှပြည့်၊
လူထဲလူ ရွှင်ကြည်နူး
ထူးမြတ်ပါပေ့။ ။

ငြိမ်းချမ်းအောင်(နတ်တလင်း)

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစား ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ ညှော့မထဆန် အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မြောင်းမြမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရာမှာလဲ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု မြောင်းမြမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ကျော်ကျော်လင်း

á စာမျက်နှာ ၂၄ မှအဆက်

ကျီးအာနွယ်သည် မြွေဆိပ်ကိုမပြန့်အောင် ထိန်းထားနိုင်စွမ်းရှိသည်ဟု ဆိုကြသည်။ ရွာထဲမှ ဘကြီးခင်တို့အိမ်မှ ကုန်ကားကိုငှား၍ တိုက်နယ်ဆေးရုံသို့ ဦးဖိုးသင်းအသက်ကိုကယ်တင်နိုင်ရန် ရွာက လူတချို့နှင့် ထွက်သွားကြသည်။ အတာကို လိုက်ခွင့်မပေး၍ အိမ်မှာနေခဲ့ရသည်။ သိန်းကြွယ်လှက အတာကိုအဖော်ပြုလျက် အားပေးနှစ်သိမ့်နေရသည်။

"အီးဟီးဟီး မမသိန်းရယ် အတာ အဖေ့ကိုစိတ်မချဘူး။ ကားက မြန်မြန်မောင်းပါ့မလား အီးဟီးဟီး"

"ကားနဲ့ဆိုတော့ ဆေးရုံကို အမြန်ရောက်မှာပါ။ အဖိုးသင်း ပြန်ကောင်းလာမှာပဲ။ မငိုပါနဲ့တော့ အတာရယ် တိတ်ပါတော့နော်"

"အတာ စိတ်တွေပူ၊ ရင်တွေပူနေရပါပြီ မမသိန်းရယ်။ အဖေလေ အပေ့ါသွားဖို့ ခုတင်ပေါ်ကခြေအချ ပိုးကောင်(မြွေ)က ဖြတ်အသွား ခြေနဲ့ထိမိလို့ လန့်ပြီးကိုက်လိုက်တာထင်ရဲ့။ သမီးရေ အဖေ့ကိုကယ်ပါအုံး ပိုးထိသွားလို့ဆိုပြီး အိမ်ထရံကိုပုတ်ပုတ်ပြီးအော်ခေါ်တော့ အတာလဲ လန့်နိုးရင်း ငိုယိုအကူညီတောင်းရတာ အဖေ့အသက်ကို မီမှ မီပါ့မလား အီးဟီးဟီး"

အတာသည် ပြောလည်းပြော ငိုလည်းငိုသည်။ အတာကို သနား၍ သိန်းကြွယ်လှပါ မျက်ရည်စဝိုင်းလာ၏။ အတာသည် ငိုလျက်နှင့် ဘာစိတ်ကူးပေါက်သည်မသိ။ ရုတ်တရက်ဘုရားစင်ပေါ်မှ စုဘူးလေးကို သိန်းကြွယ်လှကိုယူခိုင်း၍ ယူပေးရပြန်သည်။

"မမသိန်း မမသိန်း အတာစုဘူးလေးဘုရားစင်ပေါ်က ယူပေးပါလား"

"ညကြီးမိုးချုပ်အတာရယ် ဘာလုပ်မလို့လဲ"

"အဖေ့အသက်ကိုကယ်ဖို့အတွက် အတာကြိုးစားရမယ်လေ။ ဒီနှစ် ဘုရားပွဲ စာရေးတံမဲမထည့်ဖြစ်လဲ နောက်နှစ်တွေကြမှ ပိုလှူမယ်။ အခု အတာ အဖေ့အသက်ကိုကယ်ဖို့ ဒီပိုက်ဆံတွေနဲ့ရအောင်ကယ်မှ ဖြစ်မယ်။ အတာ့မှာ အဖေမရှိလို့မဖြစ်ဘူး။ အီးဟီးဟီး"

ကုန်ခါနီးရေနံ့ဆီမီးခွက်ကို သိန်းကြွယ်လှက ရေနံဆီထပ်ဖြည့်လိုက်ပြီး အတာစုထားသောစုဘူးထဲမှ ပိုက်ဆံများကို ရေတွက်ကြည့်ရာ ငွေကျပ် ၃၂၈၀၀ ရှိ၏။

"သုံးသောင်းကျော်ဆိုတော့ အတာအဖေ့အသက်ကို ကယ်လို့ရလားဟင် မမသိန်း"

အတာမေးခွန်းကို သိန်းကြွယ်လှ ဖြေရခက်လေပြီ။ ရောင်နီထွန်း၍ လင်းရန်သာ ဆုတောင်းမိသည်။ သို့မှသာ အဖိုးသင်း၏ သတင်းအခြေအနေကို ဂဃဏနသိရမည်ဖြစ်၏။ တစ်ညလုံးငိုယိုနေသော အတာသည်လည်း စုဘူးလေးကိုပိုက်လျက်မအိပ်နိုင်ဘဲ တတ်သလောက်မှတ်သလောက်ဘုရားစာများကို တတွတ်တွတ်ရွတ်ဆိုလျက် ဆုတောင်းမပြတ်ရှိနေသည်။ အမြင်အာရုံမှုန်ဝါးစွာနှင့် နားမကြားဝေဒနာကို ခံစားရသူဖြစ်ပါလျက် သမ္မာအာဇီဝနှင့် သူစွမ်းသလောက်ရှာဖွေထားသော ငွေစက္ကူစုဘူးလေးသည် ယခင်က ဘုရားပွဲစာရေးတံမဲလှူရန် ရည်စူးခဲ့သော်လည်း ယခုမူ အတာ့ဖခင်အသက်ကိုကယ်တယ်နိုင်ရန် အထောက်အပံ့ဖြစ်ပါစေဟုသာ သိန်းကြွယ်လှလည်း ဆုတောင်းမိသည်။ အတာအတွက် တစ်ဦးတည်းသောအားကိုးရာဖြစ်သော အဖိုးသင်းတစ်ယောက် ကောင်းမွန်စွာပြန်လာနိုင်ပါစေဆိုသည့် အတာနှင့် သိန်းကြွယ်လှတို့၏ ထပ်တူကျသော ရင်တွင်းဆန္ဒဆုတောင်းလေးကိုတော့ မည်သူမျှသိနိုင်ကြမည်မထင်ပါလေ။

(၅)

"အောက် အီ အီး အွတ်"

ရွာထဲမှ လင်းကြက်တွန်သံကို ကြားလိုက်ရချေပြီ။ မကြာမီ မိုးလင်းတော့မည်ဖြစ်၏၊ အတာကိုကြည့်တော့လည်း မျက်ရည်စက်လက်နှင့် ဘုရားစာရွတ်လျက် စုဘူးလေးကိုပိုက်ထား၏။ ရွှေမြင်းမိုရ်ပြိုမှာစိုးသည့်အလား စိုးရိမ်ပူပန်စိတ်များနှင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေရှာ၏။

"တုန် တုန် တုန် တုန် တုန် တုန်"

ထိုအချိန်တွင် လင်းကြက်တွန်သံနှင့်အတူ ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံကို အတာကြားခွင့်မသာသော်လည်း သိန်းကြွယ်လှတစ်ယောက်ကတော့ အတိုင်းသားကြားလိုက်ရပေသည်။

# ဘားအံမြို့နယ် ရသေ့ပျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရသေ့ပျံကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့်အတူ ရသေ့ပျံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်ထံမှ သိရသည်။

ကိုသက်

စိန်လှိုင်ဗိုလ်

# အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူခန့်ထားရာတွင်

အရွယ်မရောက်သေးသူတစ်ဦး၏ အုပ်ထိန်းသူခန့်ထားရာတွင် ဆင်ခြင်ရန်အချက်များသည် ပြည်သူများသိသင့်သိထိုက်ပါသည်။ မည်သည့်အခါ မိခင်ရင်းဖြစ်သူကို အုပ်ထိန်းခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍အရွယ်မရောက်သေးသူ၏ကောင်းရာကောင်းကျိုးကိုသာ ဦးစားပေးဆုံးဖြတ်ရမည်ဖြစ်ခြင်းအပေါ် ညွှန်ပြထားသော လမ်းညွှန်စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-(၁၂၆)တွင် ဒေါ်အေးအေးထွေးက ဦးကပ်ဆွမ်းမုံ ခေါ် ဦးအောင်ခိုင်မြင့်အပေါ် အရွယ်မရောက်သေးသော ကလေးသူငယ်ကို မိခင်ရင်းသို့ အုပ်ထိန်းခွင့်ပြုရန် လျှောက်ထားရာ ကလေးငယ်ပီတာအား မိခင်ဖြစ်သူ ဒေါ်အေးအေးထွေးကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်အပေါ် ဦးကပ်ဆွမ်းမုံ ခေါ် ဦးအောင်ခိုင်မြင့်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ တရားမအထွေထွေအယူခံမှုလျှောက်ထားရာ အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမပြင်ဆင်မှုတင်သွင်းခဲ့ပါသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက အရွယ်မရောက်သေးသူ အလွန်နုနယ်သေးသော ကလေးငယ်ကို မိခင်ဖြစ်သူ ဒေါ်အေးအေးထွေးက ထိန်းသိမ်းစောင့်ရှောက်ခြင်းက ပိုမိုကောင်းမွန်သင့်မြတ်သဖြင့် ဒေါ်အေးအေးထွေးသည် မိခင်ရင်းတစ်ဦးဖြစ်၍ ကလေးငယ်ပီတာကို မိခင်ရင်းဖြစ်သူ ဒေါ်အေးအေးထွေးက ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုကြောင်းနှင့် ကလေးကို မိခင်ဖြစ်သူ အုပ်ထိန်းမှုအောက်တွင် ထားရှိရန်ခွင့်ပြုလိုက်ကြောင်း၊ သို့ရာတွင် ဒေါ်အေးအေးထွေးက ဖခင်ဖြစ်သူ ဦးကပ်ဆွမ်းမုံကို ၎င်းအလိုရှိပါက သင့်လျော်သည့်အချိန် သင့်လျော်သည့်နေရာတွင် တွေ့ဆုံခွင့်ပြုရမည်ဖြစ်ကြောင်း မည်သည့်နေ့ရက် မည်သည့်နေရာတွင် တွေ့ဆုံခွင့်ပေးမည်ကို မိခင်၊ ဖခင်နှစ်ဦး သဘောတူညှိနှိုင်းကြရန် ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က အရွယ်မရောက်သေးသူ ကလေးငယ်ပီတာသည် မိခင်၏မေတ္တာအရိပ်အောက်တွင်သာ ခိုလှုံစေသင့်ပြီး ပီတာသည် အမှုစတင်ဖြစ်ပွားသည့်အချိန်က နှစ်နှစ်ခန့်သာရှိ၍ ယခုအချိန်တွင် အသက်(ခြောက်၊ ခုနစ်)နှစ်ခန့်သာရှိသည့် ကလေးဖြစ်ကာ မိမိကိုယ်ကို မိမိထိန်းကျောင်းနိုင်သည့် အရွယ်မရောက်သေးကြောင်း၊ အသက်ငယ်ရွယ်နုနယ်သေးသည့်အချိန်တွင် မိခင်ဖြစ်သူ၏ ရင်အုပ်မကွာ အုပ်ထိန်းစောင့်ရှောက်မှုတွင် အထူးပင်လိုအပ်လှသည်ဆိုသည်ကို မိသားစုတိုင်း ခံစားနားလည်နိုင်သည့် အရာဖြစ်ကြောင်း၊ ဖခင်ဖြစ်သူ ဦးကပ်ဆွမ်းမုံအတွက် တရားမျှတမှုမရှိဟု ဆိုနိုင်မည်မဟုတ်ကြောင်း သုံးသပ်၍ အထွေထွေ အယူခံမှုကို ပလပ်ခဲ့ပါသည်။

ဦးကပ်ဆွမ်းမုံ ခေါ် ဦးအောင်ခိုင်မြင့်၏ ရှေ့နေက ကလေးငယ်ပီတာသည် အသက်ငါးလသားအရွယ်မှစ၍ ယခုအသက်(ခြောက်၊ ခုနစ်)နှစ်ခန့်ရှိသည့်အရွယ်ထိ ဖခင်နှင့်အတူနေထိုင်ပြီး စဉ်ဆက်မပြတ် ဆက်ဆံရေးရှိသူများမှာ ဖခင်နှင့်၎င်း၏ အစ်မများဖြစ်ကြောင်း၊ ဦးကပ်ဆွမ်းမုံ ခေါ် ဦးအောင်ခိုင်မြင့်နှင့် ဒေါ်အေးအေးထွေးတို့မှာ တရားဝင်ကွာရှင်း ပြတ်စဲခဲ့ခြင်းမရှိဘဲ ကလေးငယ်ပီတာ ငါးလသားအရွယ်မှစ၍ အတူတကွ ပေါင်းသင်းနေထိုင်မှု မရှိကြောင်း၊ ဒေါ်အေးအေးထွေးသည် ကုမ္ပဏီဝန်ထမ်းဖြစ်ပြီး သက်ကြီးရွယ်အို မိခင်ဖြစ်သူနှင့် အိမ်ငှားနေထိုင်သူဖြစ်ရာ မိခင်ဖြစ်သူသည် မိမိရင်သွေးငယ်ကို ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်မဟုတ်ကြောင်း ကလေး၏အကျိုးစီးပွားကိုသာ အဓိကရည်စူးဆုံးဖြတ်ရမည်ဖြစ်ပါလျက် ဖခင်အတွက် တရားမျှတမှုမရှိဟု ဆိုနိုင်မည်မဟုတ်ပေဟု ဆုံးဖြတ်ခဲ့ပြီး မိခင်ထိန်းသိမ်းစောင့်ရှောက်ရန် ခွင့်ပြုလိုက်ကြောင်း ချမှတ်သည့်အမိန့်သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၃၆(က)နှင့် အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်း ခံရသူများအက်ဥပဒေပုဒ်မ-၁၇(၁)ပါ ပြဋ္ဌာန်းချက်များကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ဆင်ခြင်ရန်ပျက်ကွက်ခဲ့ကြောင်း၊ အရွယ်မရောက်သေးသူကို အုပ်ထိန်းခွင့် လျှောက်ထားရာတွင် အရေးကြီးသောအချက်မှာ အရွယ်မရောက်သေးသူ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနှင့် ကောင်းရာကောင်းကြောင်း အစရှိသည်တို့ကို အဓိကစဉ်းစားသင့်ကြောင်း၊ ဖခင်ဖြစ်သူမှာ အလုပ်အကိုင်အတည်တကျဖြင့် ကလေးငယ်ကို မိခင်ထားခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ခဲ့သူဖြစ်ကြောင်း လျှောက်ထားခဲ့သည်။



သားငယ်ပီတာကို ၎င်းနှင့်စဉ်ဆက်မပြတ် နေထိုင်သည့် ဖခင်ဖြစ်သူ ဦးကပ်ဆွမ်းမုံ ခေါ် ဦးအောင်ခိုင်မြင့်က ထိန်းသိမ်းစောင့်ရှောက်ခြင်းကသာလျှင် သားငယ်ပီတာ၏ ကောင်းရာကောင်းကြောင်းကို ဖြစ်စေသည့်အပြင် ၎င်း၏ ကိုယ်စိတ်နှစ်ပါးချမ်းသာမှု (ပျော်ရွှင်မှု)ကိုလည်း ဖြစ်စေမည်ဖြစ်ပါကြောင်း **မသန်းကြည်နှင့် ကိုတင်စိန်ပါ ၂ အမှု ၁၉၇၄ ခုနှစ် မတစ စာ-၃၄ (၃၆)အမှုတွင် လမ်းညွှန်ထုံးဖွဲ့ထားကြောင်း၊** ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ချမှတ်ခဲ့သောအမိန့်သည် ဥပဒေအရ မှားယွင်းသည်ဖြစ်၍ ပြင်ဆင်အမိန့်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြခဲ့ပါသည်။ (လျှောက်ထားခံရသူ ဒေါ်အေးအေးထွေးသည် အကြောင်းကြားစာ အတည်ဖြစ်သော်လည်း ရုံးရှေ့သို့ ရောက်ရှိမလာခဲ့ပါ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုကို စိစစ်ကြည့်ရှုရာတွင် ဒေါ်အေးအေးထွေးသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်ပြီး ဦးကပ်ဆွမ်းမုံမှာ ခရစ်ယာန်ဘာသာ ချင်းလူမျိုးဖြစ်ကြောင်း၊ ဒေါ်အေးအေးထွေးနှင့် ဦးကပ်ဆွမ်းမုံတို့သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး ဦးကပ်ဆွမ်းမုံ၏ မိဘများနေအိမ်တွင် အတူနေထိုင်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၁၀ ရက်တွင် သားဖြစ်သူပီတာကို မွေးဖွားခဲ့ပြီး ကလေးခုနစ်လသားအရွယ်တွင် ဒေါ်အေးအေးထွေးနှင့် ဦးကပ်ဆွမ်းမုံ၏အစ်မများက ဆုတောင်းပွဲသို့ ကလေးခေါ်သွားသည့်ကိစ္စအတွက် စကားများပြီးနောက် ဒေါ်အေးအေးထွေးက ၂၀၁၇ ခုနှစ် ဩဂုတ် ၁၅ ရက်ညတွင် နေအိမ်ပေါ်မှ ဆင်းသွားခဲ့ကြောင်း ရုံးတော်က စိစစ်ခဲ့ပါသည်။

ဒေါ်အေးအေးထွေးသည် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ ရက်နံနက် ၆ နာရီ မိနစ်ခွဲခန့်တွင် ကလေးနို့တိုက်ရန်အတွက် ခင်ပွန်းထံသို့ ဖုန်းဆက်၍ သွားရောက်ရာ ဦးကပ်ဆွမ်းမုံက နို့တိုက်ရန် မလိုဘူးဟုပြောကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ ရက်မှ ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်ထိ ၁၆ ရက်တိုင် နို့တိုက်ခွင့်ရအောင် ဦးကပ်ဆွမ်းမုံ၏ အိမ်ရှေ့သွားရောက်တောင်းဆိုခဲ့ပြီး ၎င်းတို့နေထိုင်ရာ ရပ်ကွက်ရုံးသို့ တိုင်ကြားပြီးနောက် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကလေးအုပ်ထိန်းခွင့်ရရန် ယခုအမှုကို လျှောက်ထားကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ခဲ့ပါသည်။

ကလေးသူငယ် အုပ်ထိန်းခွင့်ရရှိရေးအတွက် တရားစွဲဆိုသောအမှုများကို အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေအရ တရားရုံးများက စီရင်ဆုံးဖြတ်ရသည်။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေပုဒ်မ-၄(၁)နှင့် အရွယ်ရောက်ခြင်း အက်ဥပဒေပုဒ်မ-(၃)တို့အရ အသက် ၁၈ နှစ်ပြည့်ပြီးသူသည် တရားဥပဒေအရ အရွယ်ရောက်ပြီးသူဖြစ်သည်။ အသက် ၁၈ နှစ် မပြည့်သေးသူကို အရွယ်မရောက်သေးသူဟု သတ်မှတ်သည်။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေအရ အရွယ်မရောက်သေးသူ တစ်ဦးဦးကို မည်သူ၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိသင့်သည်ဟူသော ပြဿနာကိုဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဘာသာထုံးတမ်းအရ အုပ်ထိန်းပိုင်ခွင့်ရှိသည် မရှိသည်ဆိုသောအချက်မှာ အဓိကမဟုတ်၊ မည်သူ၏ အုပ်ထိန်းမှုအောက်တွင်ထားရှိခြင်းဖြင့် အရွယ်မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို အကျိုးပြုမည်ဆိုခြင်းကို ဦးစားပေး၍ သုံးသပ်ရမည်ဖြစ်ကြောင်း၊ **မိုဟာမက်ဟာနစ်ခန်နှင့် မိုင်ရှန်နစ် ဆာ ၁၉၇၁ မတစ တရားရုံးချုပ် စာ-၁၈ စီရင်ထုံးကို ရုံးတော်က ရည်ညွှန်းခဲ့ပါသည်။**

ကလေးတစ်ယောက်မွေးဖွားပြီးနောက် ငါးလခန့်အကြာတွင် လင်မယားခွဲနေကြစဉ် မယားက လင်ထံတွင် ကျန်ရစ်သောသားငယ်ကို ကျွေးမွေးကြည့်ရှုစောင့်ရှောက်ခွင့်ရရန် လျှောက်ထားရာ အရေးကြီးဆုံးထားရှိရမည်မှာ ကလေး၏ အကျိုးကျေးဇူးပင်ဖြစ်သည်။ အထူးသဖြင့် ကလေးသည် ငယ်ရွယ်နုနယ်သေးသဖြင့် မိခင်ဖြစ်သူက ပို၍ ကျွေးမွေးပြုစုနိုင်သည်။ စောင့်ထိန်းနိုင်သည်။ သာမန်အားဖြင့် မိခင်ဖြစ်သူသည် အကျင့်စာရိတ္တပျက်ပြားခြင်း (သို့မဟုတ်) စောင့်ထိန်းသူဖြစ်ထိုက်သော အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိသူမဟုတ်လျှင် ကလေးသူငယ်ကို မိခင်နှင့် ထားရှိစေတတ်သည်မှာ အမိနိုင်ငံ၏ လက်ခံကျင့်သုံးသော သဘာဝတရားပင်ဖြစ်ကြောင်း **မတင်ညွှန့်နှင့် ကိုအောင်သိန်း ၁၉၆၃ မတစ တရားရုံးချုပ် စာ-၂၈၇ အမှုစီရင်ထုံးကို ရည်ညွှန်းခဲ့ပါသည်။**

အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူ အက်ဥပဒေပုဒ်မ-၁၇(၄)အရ အရွယ်မရောက်သေးသူသည် ယောကျ်ားကလေးဖြစ်ပြီး နုနယ်သည့်အရွယ်ဖြစ်နေလျှင်သော်လည်းကောင်း၊ မိန်းကလေးဖြစ်လျှင်သော်လည်းကောင်း အရွယ်မရောက်သေးသူကို မိခင်ဖြစ်သူကို အုပ်ထိန်းခွင့်ပြုသင့်ပြီး အရွယ်မရောက်သေးသူသည် ပညာသင်ကြားရန်လိုအပ်သည့်အရွယ် အလုပ်လုပ်ကိုင်ရန်နှင့် စီးပွားရှာဖွေရန် အသက်အရွယ်ဖြစ်လျှင် ဖခင်ဖြစ်သူကို အုပ်ထိန်းခွင့်ပြုသင့်ကြောင်း ပြဋ္ဌာန်းထားသည်။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ-၁၇ အရ အရွယ်မရောက်သေးသူတစ်ဦး၏ အုပ်ထိန်းသူခန့်ထားရာတွင် အရွယ်မရောက်သေးသူ၏ ကောင်းရာကောင်းကျိုးကိုသာ ဦးစားပေး၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရာ၌ အရွယ်မရောက်သေးသူ၏ အသက်နှင့် လိင်၊ အုပ်ထိန်းသူအဖြစ် လျှောက်ထားသူ၏ အကျင့်စာရိတ္တနှင့် အင်အားတို့ကိုသာမက ၎င်းတို့သည် ဆွေမျိုးတော်စပ်ရင်းနှီးခြင်း ရှိ၊ မရှိ စသည့် အချက်အလက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

အမှုတွင် ဒေါ်အေးအေးထွေးသည် ကုမ္ပဏီဒါရိုက်တာတစ်ဦးဖြစ်၍ ဝင်ငွေကောင်းပြီး မိခင်နှင့်အတူနေထိုင်လျက်ရှိကြောင်း၊ အိမ်ထောင်ရေးဖောက်ပြန်နေသူမဟုတ်ကြောင်း၊ သားဖြစ်သူကို မိခင်ကသာ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြောင်းကို ဒေါ်အေးအေးထွေး၏ သက်သေများက ထောက်ခံထွက်ဆိုထားသည်။ ဦးကပ်ဆွမ်းမုံက ဒေါ်အေးအေးထွေးမှာ ကုမ္ပဏီဒါရိုက်တာဖြစ်ကြောင်း တင်ပြသော်လည်း ဒေါ်အေးအေးထွေး၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တင်ပြထွက်ဆိုထားခြင်း မရှိကြောင်း ရုံးတော်ကစိစစ်ခဲ့ပါသည်။

ယခုအမှုတွင် ဒေါ်အေးအေးထွေးနှင့် ဦးကပ်ဆွမ်းမုံ ခေါ် ဦးအောင်ခိုင်မြင့်တို့၏ သားဖြစ်သူ ပီတာသည် ယခုအခါ အသက်ခြောက်နှစ်အရွယ်ခန့်သာရှိပြီး နုနယ်သည့်အရွယ်ဖြစ်၍ မိခင်ရင်းဖြစ်သူ ဒေါ်အေးအေးထွေးက ထိန်းသိမ်းစောင့်ရှောက်ခြင်းက ကလေး၏ ကောင်းရာကောင်းကျိုးအတွက် ပိုမိုသင့်လျော်မည်ဖြစ်၍ မိခင်ရင်းဖြစ်သူ ဒေါ်အေးအေးထွေးသည် သားဖြစ်သူပီတာကို အုပ်ထိန်းခွင့်ပြုသင့်သည်ဟုဆိုရမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက လျှောက်ထားသူ ဒေါ်အေးအေးထွေးသည် မိခင်ရင်းတစ်ဦးဖြစ်သဖြင့် ကလေးငယ်ပီတာအား မိခင်ဖြစ်သူ ဒေါ်အေးအေးထွေးကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုကြောင်းနှင့် ကလေးကို မိခင်ဖြစ်သူ အုပ်ထိန်းမှုအောက်တွင်ထားရှိရန် ခွင့်ပြုသည့်အမိန့်ကို အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် မှားယွင်းမှုမရှိခြင်းကြောင့် တရားမပြင်ဆင်မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။ ဒေါ်အေးအေးထွေးသည် သားငယ်ပီတာကို အုပ်ထိန်းခွင့်ရရှိသွားခဲ့ပါသည်။ **၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-(၄၃၅) ဦးကပ်ဆွမ်းမုံ ခေါ် ဦးအောင်ခိုင်မြင့်နှင့် ဒေါ်အေးအေးထွေး** တရားစီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း စုစုပေါင်း ၆၂၅၆ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း စုစုပေါင်း ၆၂၅၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း ၆၂၅၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာ နောက်ဆုံးပတ်မှ စတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင် ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီမုန်ညင်းနဲ့ပန်းနှမ်းစုစုပေါင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီမုန်ညင်းနှင့် ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးကြပြီး ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဆီမုန်ညင်း ၄၆၄ ဧက၊ ပန်းနှမ်း ၁၆၂၉ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ဆီမုန်ညင်း ၁၉၉၂ ဧက၊ ပန်းနှမ်း ၂၁၇၁ ဧက စုစုပေါင်း ၆၂၅၆ ဧက တို့ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးကောင်းမွန်သည့် မျိုးများရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးမှုကို ပုံမှန်စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၌ ကသာနှင့်ကောလင်းတို့တွင် အများစု စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဆီမုန်ညင်းနှင့်ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် မထီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၁**


မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟင်ရော်ကျေးရွာအုပ်စု မထီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မထီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ငွေစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မထီစံပြကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁၇ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၉၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၃၄၇ ဒသမ ၅ သိန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူငါးဦးကို ငွေကျပ် ၁၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ၁၄၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၇၀ ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။


နွံ့ယဉ်

## စာပေမြင့်မှ လူမျိုးတင့်မည်






# ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိ



**ပဲရစ် အောက်တိုဘာ ၂၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အောက်တိုဘာ ၂၀ ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး လေဆင်နှာမောင်းကြောင့် လူတစ်ဦး သေဆုံးကာ ၁၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့ ကြောင်း ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းသည် ပဲရစ်မြို့တော်နှင့် ၁၃ မိုင်အကွာခန့်မှ အစပျိုးလာခဲ့ခြင်းဖြစ်ပြီး ပဲရစ်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အသုံးပြုနေသည့် ကရိန်းယာဥ် သုံးစီး အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများပေါ်သို့ လဲကျခဲ့မှုကြောင့် ဆေးခန်းအဆောက်အအုံတစ်လုံး ပျက်စီးသွားခဲ့ကြောင်း၊ လေဆင်နှာမောင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၈၀၊ ရဲဝန်ထမ်းဦးရေ၅၀ နှင့်အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းဦးရေ ၂၀ ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး လောရင့်နူနက်စ်က ပြောကြားခဲ့သည်။

"လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဗယ်လ်ဒီအိုစီနယ်မြေနဲ့ ပဲရစ်မြို့မှာ ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် အသက် ၂၃ နှစ်အရွယ် ဆောက်လုပ်ရေးလုပ်သား တစ်ဦး သေဆုံးခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ၁၄ ယောက်ထိ ရှိခဲ့ပြီးတော့ လေးယောက်ကတော့ ဒဏ်ရာအခြေအနေ စိုးရိမ်ရပါတယ်" ဟု ပြင်သစ် ပြည်ထဲရေးဝန်ကြီး လောရင့်နူနက်စ်က အတည်ပြုပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဒေါ်ဆင်ခရိခ်ကောင်တီကို မိုးခေါင်ရေရှားမှု အရေးပေါ်အခြေအနေ သတ်မှတ်

**အော့တဝါ အောက်တိုဘာ ၂၁**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဒေါ်ဆင်ခရိခ်ကောင်တီတွင် မိုးခေါင်ရေရှားမှု အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်း က ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၂၀ ရက် သတင်းများတွင် ဖော်ပြခဲ့သည်။

ဒေါ်ဆင်ခရိခ်ကောင်တီတွင် ကီစကာတီနော်မြစ်ရေကို သောက်သုံးရေအတွက် အသုံးပြုနေရပြီး ၂၀၂၅ ခုနှစ် နွေရာသီကာလအတွင်း ကာလရှည် မိုးခေါင်မှုပြဿနာကြောင့် ကီစကာတီနော်မြစ်ရေသိသိသာသာ ကျဆင်းလာခဲ့ပြီး ဒေါ်ဆင်ခရိခ်ကောင်တီမှ ဒေသခံများအတွက် ပုံမှန်အတိုင်း သောက်သုံးရေပေးဝေရန် အခက်အခဲရှိလာခဲ့ပြီးနောက် မိုးခေါင်ရေရှားမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကီစကာတီနော်မြစ်ရေကို သိုလှောင်ထားသည့် ရေလှောင်တမံသည် ရက်ပေါင်း ၁၅၀ သာ သောက်သုံးရေ ပေးဝေနိုင်သည့် ရေပမာဏကို သိုလှောင်ထားနိုင်သည့်အတွက် အာဏာပိုင်အဖွဲ့အစည်းက ပိစ်မြစ်ရေမှ ပိုက်လိုင်းများသွယ်တန်းကာ လတ်တလောရင်ဆိုင်နေရသည့် သောက်သုံးရေရှားပါးသည့်ပြဿနာကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ သောက်သုံးရေလုံလောက်စွာ ပုံမှန်အတိုင်း ပြန်လည် ပေးဝေနိုင်ရေးအတွက် ရေရှည် စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒေါ်ဆင်ခရိခ်ကောင်တီမှာ မိုးခေါင် ရေရှားပါးမှုကြောင့် သောက်သုံးရေခက်ခဲလာပါတယ်။ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ လတ်တလောပြဿနာကိုတော့ ပိစ်မြစ်က ရေကိုရယူပြီးဖြေရှင်းပေးသွားမှာဖြစ်ပါတယ်။ ရေရှည်အတွက်လဲ စီမံကိန်းတွေနဲ့ အကောင်အထည်ဖော်သွားမှာပါ" ဟု ဗြိတိသျှ ကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒိုဘာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# သီရိလင်္ကာနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၀၀ ခန့် ပျက်စီး

**ကိုလံဘို အောက်တိုဘာ ၂၁**

သီရိလင်္ကာနိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်များတွင် အောက်တိုဘာ ၁၉ ရက်ကတည်းက စတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ယနေ့ထိ အိမ်ခြေ ၁၀၀ ခန့်ပျက်စီးခဲ့သည်ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာန (DMC) ၏ ထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အနောက်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းရှိ ပြည်နယ်ခြောက်ခုတွင်အတော်လေးထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါပြည်နယ်ခြောက်ခုမှာ Sabaragamu-wa၊ Central၊ Uva၊ North Central၊ Eastern နှင့် North Western ပြည်နယ်များဖြစ်ကြောင်း၊ ယနေ့ထိ အဆိုပါနေရာများတွင် မိုးဆက်လက်ရွာသွန်းလျက်ရှိသဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

"ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာ ဆုံးရှုံးခဲ့ရတဲ့ ဒေသခံတွေအတွက် ကူညီပံ့ပိုးရေးလုပ်ငန်းတွေကို အောက်တိုဘာ ၁၉ ရက် ကတည်းက စတင် လုပ်ဆောင်နေပြီဖြစ်ပါတယ်"ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာန (DMC) မှ တာဝန်ရှိသူ မစ္စတာပရာဒီပ်ကိုဒီပီလီက ပြောကြားခဲ့သည်။

မိုးလေဝသဌာန၏ သတိပေးချက်အရ မိုးရေချိန်သည် ၁၀၀ မီလီမီတာထက် ကျော်လွန်နိုင်ပြီး လေပြင်းကြောင့် လျှပ်စစ်လိုင်းများ ပြတ်တောက်ကာ သစ်ပင်များ ပြိုလဲမှုကြောင့် လမ်းပန်းဆက်သွယ်မှုများ အခက်အခဲများဖြစ်ပေါ်ခဲ့မှာကို ပြုပြင်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေကြကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : KZ**

# ကာရစ်ဘီယန်ဒေသများသို့ လာမည့် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်ခြေ ၉၀ ရာခိုင်နှုန်းရှိနေကြောင်း NHC က သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် အောက်တိုဘာ ၂၁**

ကာရစ်ဘီယန်ဒေသများသို့ လာမည့် ၄၈ နာရီအတွင်း အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ခြေ ၉၀ ရာခိုင်နှုန်းရှိနေကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် နေရှင်နယ်ဟာရီကိန်းစင်တာ (NHC) က ယနေ့တွင်သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ကာရစ်ဘီယန် ဒေသများသို့ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ခြေ ၉၀ ရာခိုင်နှုန်း ထိရှိနေပြီး ကာရစ်ဘီယန်အလယ်ပိုင်းဒေသများသို့ ဗဟိုပြု၍ဝင်ရောက် တိုက်ခတ်ဖွယ်ရှိနေကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း ပြင်းအားမှာ တစ်နာရီ ၃၉ မိုင်နှုန်းမှ ၇၃ မိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း NHC က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"ဆိုင်ကလုန်း မုန်တိုင်းဟာ ကာရစ်ဘီယန်ဒေသတွေကို လာမဲ့ ၄၈ နာရီအတွင်း ဝင်ရောက်တိုက်ခတ်နိုင်ခြေ ၉၀ ရာခိုင်နှုန်းထိရှိနေပြီးတော့ ကာရစ်ဘီယန်အလယ်ပိုင်းဒေသတွေကို ဗဟိုပြုတိုက်ခတ်မှာလဲ ဖြစ်ပါတယ်။ မုန်တိုင်းအခြေအနေဟာ ခန့်မှန်းရခက်တာကြောင့် လမ်းကြောင်းပြောင်းသွားပြီး အမေရိကန်နိုင်ငံ နယ်နိမိတ်တချို့အပေါ်လည်း ရိုက်ခတ်မှုရှိနိုင်ပါတယ်။ မုန်တိုင်းကိုလဲ မလီဆာ ဆိုင်ကလုန်းမုန်တိုင်း အဖြစ်အမည်ပေးသွားမှာ ဖြစ်ပါတယ်"ဟု NHC မှ ပြောရေးဆိုခွင့်ရှိသူ မစ်ဝက်ချ်က ပြောကြားခဲ့သည်။

မုန်တိုင်းသည် ဟတ်စပါနီလိုအာကျွန်းနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် အားကောင်းမည်ဖြစ်ပြီး နီကါရာဂွာနိုင်ငံ သို့မဟုတ် ဟွန်ဒူးရပ်စ်နိုင်ငံသို့ ဝင်ရောက်ချိန်တွင် အားပျော့သွားဖွယ်ရှိနေကြောင်း NHC ၏ ထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖန်ရှုန်တိုက်ခတ်မှုကြောင့် လူရှစ်ဦးသေဆုံးကာ နှစ်ဦး ပျောက်ဆုံးခဲ့

**မနီလာ အောက်တိုဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖန်ရှုန်ဝင်ရောက်တိုက်ခတ်မှုကြောင့် လူရှစ်ဦး သေဆုံးကာ နှစ်ဦးပျောက်ဆုံးနေခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးရုံး (OCD) က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သေဆုံးသူများသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အရှေ့တောင်ပိုင်း Quezon ပြည်နယ်ရှိ Pitogo မြူနီစီပယ်တွင် သစ်ပင်ကျိုးကျကာပိမိမှုကြောင့် ငါးဦးသေဆုံးခဲ့ပြီး နိုင်ငံအလယ်ပိုင်း အနောက် Visayas ဒေသတွင်လည်း သစ်ပင်ကျိုးကျကာပိမိမှုကြောင့် လူသုံးဦး သေဆုံးခဲ့သဖြင့် အာဏာပိုင်များက သက်တမ်းရင့် သစ်ပင်များအနီး ဖြတ်သန်းသွားလာပါက သတိပြုသွားလာကြရန် သတိပေးချက် ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း Bukidnon ပြည်နယ်ရှိ Quezon မြူနီစီပယ်တွင် ဖြစ်ပွားခဲ့သော မြေပြိုမှုအတွင်း ပျောက်ဆုံးနေသူ နှစ်ဦးရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် မုန်တိုင်းအရှိန်ကြောင်း နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စုပေါင်း ၁၅၀၀၀ ခန့်ထိခိုက်ခဲ့ကာ လူပေါင်း ၂၂၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရသည်ဟု ရှာဖွေကယ်ဆယ်ရေး အဖွဲ့များက ပြောကြားခဲ့ကြောင်း သိရသည်။

မုန်တိုင်းသည် ဖိလစ်ပိုင်အရှေ့ပိုင်းသမုဒ္ဒရာဒေသမှ ယနေ့တွင် ထွက်ခွာမည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားပြီး၊ မုန်တိုင်းကြောင့် ထိခိုက်ဒေသများတွင် အစားအစာနှင့် ကယ်ဆယ်ရေးလိုအပ်ချက်များကို ဒေသအာဏာပိုင်အဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/ nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal** (www.myawady. net.mm/nurse(male))**တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့် တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့် တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့နယ် လေးတိုင်စင်ကျေးရွာနေ ဦးတင်ရွှေ (ဘ) ဦးထွန်းရင်(၉/ကပတ(နိုင်)၁၈၃၉၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-751944599

**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့ အောင်ပင်လယ်ရပ်ကွက်နေ မရင်ရှမ်း (ဘ) ဦးရန်အမ်းရင် (၁၃/တယန(နိုင်)၀၃၅၈၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-668010696

**ပျောက်ဆုံးကြောင်း**

မန္တလေး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)နေ မအေးမြကြာဖြူ (ဘ) ဦးသန်းစိုး(၉/ပဥလ(နိုင်)၀၃၉၂၇၁)၏ ပတ်စ်ပို့အမှတ် MA.205851 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 092044001

**အဖိုးတန် ရေချိုကို ချွေတာပါ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး သုံးပါးအပေါ်မှာ အခြေခံပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ ရည်ရွယ်တဲ့ ထာဝရတည်မြဲသော နိုင်ငံရေးပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌

စာမျက်နှာ ၂၀ ကော်လံ ၁ ☆



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။

# သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၁

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက်

စာမျက်နှာ ၁၉ ကော်လံ ၁ ❖

သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးနှင့်အမိုးသွပ်ပြားများကို အထူးကုန်ရထားဖြင့် ပို့ဆောင်

စာမျက်နှာ - ၂၁

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားဦးရေ ၃၀ နှင့် အမျိုးသမီး ခြောက်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

စာမျက်နှာ - ၂၂